မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၇၇)

အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေး

ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်ရေးမှာ ယုံကြည်မှုဟာ သိပ်ကိုအရေးကြီးပါတယ်။ ဒီကနေ့ ကျွန်တော်တို့ အစိုးရအနေနဲ့ ထာဝရ ငြိမ်းချမ်းရေးပန်းတိုင်ကို လျှောက်လှမ်းနေတဲ့ ခရီးလမ်းမှာ ကျွန်တော်တို့မှာ ပရိယာယ်တွေ မရှိပါဘူး။ ကျွန်တော်တို့ ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ ယုံကြည်မှုနဲ့ပဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
(၁–၃–၂၀၁၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၂ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ကရိုလိုစ်၊ ပါပူးလိယပ်စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး
မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်မည်

နေပြည်တော် မတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတို ဆရီ မိုဟာမက် နာဂျစ်တွန်းရာဇတ်နှင့် ဇနီး ဒါတင် ဆရီ ရိုစ်မာ မန်ဆူ တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။

(သတင်းစဉ်)

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။

(သတင်းစဉ်)

မိမိတို့နှစ်နိုင်ငံတွင် တူညီသည့် သမိုင်းကြောင်းများရှိကြပြီး ဓလေ့ထုံးစံနှင့် ဘာသာရေးအရ တူညီသည့် နိုင်ငံများဖြစ် မိမိ၏ခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

စီးပွားရေး၊ လူမှုရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုက နှစ်နိုင်ငံအတွက်အကျိုးဖြစ်ထွန်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ပြည်သူများအကြား နောင်လာနောက်သားများအထိ ဆက်လက်ထိန်းသိမ်းလိုသည့်ဆန္ဒရှိ

ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ (His Majesty Preah Bat Samdech Preah Boromneath Norodom Sihamoni) က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို မတ် ၂၁ ရက် ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ဘုရင့်နန်းတော် Throne Hall ရှေ့ ရင်ပြင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့်ဟိုတယ်မှ ဘုရင့်နန်းတော်သို့ ထွက်ခွာလာရာ နန်းတော်အဝင်လမ်းတစ်လျှောက်၌ ကမ္ဘောဒီးယားပြည်သူများနှင့် ကျောင်းသား ကျောင်းသူများက မြန်မာနိုင်ငံသမ္မတကြီးနှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်တို့၏ ဓာတ်ပုံကြီးများကို ကိုင်ဆောင်၍လည်းကောင်း၊ နှစ်နိုင်ငံအလံများဝှေ့ယမ်း၍လည်းကောင်း၊ ရိုးရာအတီးအမှုတ်အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်ဝမ်းသာ သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုရင့်နန်းတော်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဘုရင်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်တို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက ၎င်းနှင့်အတူကြိုဆိုကြသည့် ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ဝန်ကြီး H.E. Samdech Chaufea Veang Kong Som Ol၊ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Hor Namhong၊ Minister of Ministry of Land Management Urban Planning & Construction H.E.Mr. Im Chhun Lim၊ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန *စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်သမ္မတဦးသိန်းစိန် ဗီယက်နမ်နိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက်သွားရောက်ရန် ထွက်ခွာ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး ဆက်လက်ထွက်ခွာရန်အတွက် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ မတ် ၂၁ ရက် နံနက်ပိုင်းတွင် ဟနွိုင်းမြို့ရှိ ခေတ္တတည်းခိုသည့် Melia Hanoi ဟိုတယ်မှ Noi Bai အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတရုံး ဥက္ကဋ္ဌ H. E. Mr. Dao Viet Trung၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Pham Quang Vinh၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H. E. Mr. Chu Cong Phung၊ သမ္မတရုံး ပြည်ပရေးရာဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ရေးရာဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသက်ဦးနှင့် ဇနီး၊ စစ်သံမှူး ဗိုလ်မှူးကြီး ဝင်းလှိုင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဆက်လက်ထွက်ခွာကြရာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ဖနောင်ပင်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များလိုက်ပါလာသည့် အထူးလေယာဉ်ဆိုက်ရောက်သည်နှင့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာန ညွှန်ကြားရေးမှူး Mr.Prak Gounhone တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အတူ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ဝန်ကြီး H.E. Samdech Chaufea Veang Kong Som Ol၊ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Thong Khon နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၏ဇနီး ဒေါ်နန်းယဉ်မေဝင်း၊ စစ်သံမှူး ဗိုလ်မှူးချုပ်အောင်နိုင်နှင့်ဇနီး ဒေါ်မေသန်းဦး၊သံရုံး၊ စစ်သံရုံးတို့မှဝန်ထမ်းများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဖနောင်ပင်မြို့ Inter - Continental ဟိုတယ်သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ဝန်ကြီး **H.E. Samdech Chaufea Veang Kong Som Ol** နှင့် တာဝန်ရှိသူများက ဖနောင်ပင်မြို့ ဖနောင်ပင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

လက်ဆောင်ပစ္စည်းများပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအား လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ မြန်မာသံရုံးနှင့်စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၂၂ ရက် နံနက် ၇ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ ခေတ္တတည်းခိုသည့် Inter- Continental ဟိုတယ်၌ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့်ဇနီး၊ စစ်သံမှူး ဗိုလ်မှူးချုပ်အောင်နိုင်နှင့်ဇနီး၊ သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများနှင့် ကမ္ဘောဒီးယားနိုင်ငံတွင် သင်တန်းတက်ရောက်နေသော မြန်မာသင်တန်းသားများနှင့် တွေ့ဆုံသည်။

ဂါရဝပြု

ရှေးဦးစွာ နိုင်ငံတော်သမ္မတအား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ ဦးဆောင်သော သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများနှင့် သင်တန်းသားများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြုကန်တော့ကြရာ နိုင်ငံတော်သမ္မတက မေတ္တာဆုမွန်များ ပြန်လည်ချီးမြှင့်သည်။

ရှင်းလင်းမှာကြား

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က သြဝါဒစကားပြောကြားရာတွင် ကမ္ဘောဒီးယားနှင့် မြန်မာတို့သည် အယူဝါဒ၊ ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့စရိုက်ချင်း ဆက်စပ်တူညီမှုရှိပြီး အပြန်အလှန် ချစ်ခင်လေးစားမှုရှိသည့် မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ ထို့ကြောင့် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ကြရန်လိုကြောင်း၊ သံရုံးဝန်ထမ်းများအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးပြေပြစ်ချောမွေ့အောင် အလေးထားထိတွေ့ဆက်ဆံဆောင်ရွက်သွားကြရန်နှင့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း သက်ဆိုင်ရာ နိုင်ငံ၏ဘာသာစကားကိုပါ ကျွမ်းကျင်အောင်လေ့လာသင်ယူကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် မြန်မာသင်တန်းသားများအတွက် ထောက်ပံ့ငွေများ၊ လက်ဆောင်ပစ္စည်းများနှင့်အတူ သံရုံးနှင့်စစ်သံရုံးများတွင် ဖမ်းယူကြည့်ရှုနိုင်ရန် Sky Net ရုပ်သံဖမ်းစက် ၁၀ စုံကို ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

နေပြည်တော် မတ် ၂၄

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အယ်ဒီတာ့အာဘော်

(၂၀၁၂ ခုနှစ် မတ် ၂၅ ရက်)

မေတ္တာသည်သာ ငြိမ်းအေးရာ

မေတ္တာတရားသည် ပါရမီဆယ်ပါးဝင် ဖြစ်သည်။ မေတ္တာ၏အနက်မှာ အပြစ်ကင်းစင်ပြီး ငြိမ်းချမ်းခြင်း၊ အေးချမ်းခြင်း၊ ညီညွတ်ခြင်း၊ ချစ်ခင်ကြည်ဖြူခြင်းသဘောကို ခြွင်းချက်မရှိ ဆောင်၏။ မေတ္တာသည် ကျောသားရင်သားမခွဲခြားသော အနှစ်သာရကိုလည်းဆောင်၏။ မေတ္တာမှန်သည် ချမ်းမြေ့ကြည်နူးမှု ထုံမွမ်း၍ မွေးပျံ့စိုပြည်၏။ ဤသည်ကား မေတ္တာ၏ သဘောပေတည်း။

ဤသို့ ငြိမ်းအေးရာအမှန် မေတ္တာမှန်ကို လူတိုင်း၏ နှလုံးသည်းပွတ်တွင် ကိန်းအောင်းပါမှ ဤမြေလောကတစ်ခုလုံး ငြိမ်းအေးစေနိုင်၏။ မေတ္တာလွှမ်းခြုံလျှင် လောကဓာတ်ဘုံသည်ကား မငြိမ်းချမ်းဘဲ အဘယ်မှာရှိအံ့။ မေတ္တာဖြန့်ဝေသော လောကမြေဟူသမျှ ငြိမ်းချမ်းကုန်၏။ စည်းလုံးညီညွတ်ကြကုန်၏။ ချစ်ခင်ကြကုန်၏။ ကြီးပွားတိုးတက်ကြကုန်၏။ အရာရာသည် မေတ္တာဖျန်းလျှင် လန်းနိုင်၏။ မေတ္တာ၏ တန်ခိုးသည်ကြီးပေစွ။

သို့မူကား မေတ္တာဟူသည် ထုတ်လွှတ်ခြင်းမရှိခဲ့ပါလျှင်၊ ဖြန့်ဝေခြင်းမရှိခဲ့ပါလျှင်၊ ပွားများခြင်းမရှိခဲ့ပါလျှင် ခန်းခြောက်သည့်သဘောရှိကုန်၏။ နွေခေါင်ခေါင် နေကျဲကျဲပူသော ရေကန်တို့ ခန်းခြောက်သလို ခန်းခြောက်တတ်၏။ အထူးသဖြင့် လောဘ၊ ဒေါသ၊ မောဟတရားများ ကြီးစိုးလာလျှင် မေတ္တာရေကန်တို့ ခန်းခြောက်ကုန်၏ ။ မေတ္တာခန်းခြောက်ခြင်းသည်ကား မကောင်း။ မေတ္တာခန်းခြောက်ခြင်းသည် ပျက်စီးရာအကြောင်းတစ်ခုပင်ဖြစ်သည်။

မေတ္တာခန်းခြောက်သော နယ်မြေသည် လူမှုရေးစစ်ပွဲ၊ စီးပွားရေးစစ်ပွဲ၊ သွေးထွက်သောစစ်ပွဲ၊ သွေးမထွက်သောစစ်ပွဲ အစရှိသဖြင့် အမျိုးမျိုးသော စစ်ပွဲတို့ ဖြစ်ပွားနိုင်၏။ ယနေ့ ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသောစစ်ပွဲတို့သည် လောဘ၊ ဒေါသ၊ မောဟမီးများ တောက်လောင်ကြီးစိုးရာမှ အစပြုခဲ့ကြခြင်းဖြစ်သည်။ မေတ္တာဓာတ်ကင်း၍ တငွေ့ငွေ့လောင်ကျွမ်းသော မီးကို မေတ္တာရေဖြင့်သာ ငြိမ်းသတ်ရန်မှတစ်ပါး အခြားမရှိပြီ။ မေတ္တာရေသည်သာ အအေးဆုံး၊ အမြတ်ဆုံး၊ အကောင်းဆုံးဖြစ်ပေ၏။

မေတ္တာသည် ပေးသူရော ယူသူပါ နှစ်ဦးနှစ်ဖက်အကျိုးရှိစေသော အရာလည်းဖြစ်၏။ ၃၁ဘုံ ကျင်လည်ကြကုန်သော ဝေနေယျသုခအပေါင်းတို့သည် ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ကင်းကြပါစေ၊ ကိုယ်စိတ်နှလုံးအေးချမ်းကြပါစေ အစရှိသဖြင့် မေတ္တာပို့အမျှဝေသံများ ရွတ်ဖတ်သရဇ္ဈာယ်သံများ မကြာမကြာ ကြားဖူးကြပေမည်။ ကိုယ်တိုင်လည်းရွတ်ကြပေမည်။ ဝေနေယျအပေါင်းတို့ ကျန်းမာချမ်းသာကြပါစေဟု ရွတ်ဆိုလိုက်ခြင်းကပင် ရွတ်ဆိုသူကိုယ်တိုင်တွင် လောဘ၊ ဒေါသ၊ မောဟများ လျော့ပါး၍ ဦးစွာစိတ်ချမ်းသာမှုကို ရရှိစေသည်။

တစ်ဖန် မိမိပို့သော မေတ္တာဓာတ်ကြောင့်လည်း အများသူငါ ငြိမ်းအေးကြစေ၏။ ထို့ကြောင့်ပင် မေတ္တာသည် နှစ်ဦးနှစ်ဖက်ငြိမ်းအေးစေသော အရာပင်ဖြစ်၏။ သို့သော် မေတ္တာပို့ခြင်းသည် ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော ကံသုံးပါးမြောက်မှ မေတ္တာဓာတ်သည် ပို၍ထိသည်။ ဤနေရာတွင် ကာယကံ၊ ဝစီကံတို့ထက် မနောကံသည် ပို၍အရေးကြီးသည်။ မနောကံမေတ္တာသည် လူတစ်ဖက်သားအား အမှန်ပင် ကျန်းမာချမ်းသာစေလိုသော စိတ်ကောင်းစေတနာကောင်းပင် ဖြစ်သည်။

သို့ပါသောကြောင့် လူတိုင်း လူတိုင်းသည် ငြိမ်းအေးမှု၊ ကြီးပွားတိုးတက်မှု၊ အောင်မြင်မှုအဖြာဖြာတို့ ရရှိခံစားလိုကြပါမူ ကာယကံ၊ ဝစီကံ၊ မနောကံမြောက်အောင် မေတ္တာဓာတ်များ ပို့သကြစေလိုပါသည်။ လောကတစ်ခုလုံး ငြိမ်းအေးရာအမှန်သည် မေတ္တာသည်သာ ဖြစ်ပါကြောင်း။ ။

❖ ရှေ့ဖုံးမှ

ဝန်ကြီး H.E.Mr. Chan Sarun၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Khieu Kanharith၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Man Bunheng၊ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Thong Khon နှင့် ဌာနဆိုင်ရာ အကြီးအကဲများနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ထို့အတူ နိုင်ငံတော်သမ္မတကလည်း ကမ္ဘောဒီးယားနိုင်ငံဘုရင်အား မိမိနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်တို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံဘုရင်တို့သည် ဘုရင့်နန်းတော် Throne Hall ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ ရှေးဦးစွာ ကမ္ဘောဒီးယားဘုရင်မင်းမြတ်က အဆွေတော်သမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား မိမိကိုယ်တိုင်အားဖြင့်လည်းကောင်း၊ ခမည်းတော်နှင့် မယ်တော်တို့ကိုယ်စားလည်းကောင်း ကြိုဆိုခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ယခုခရီးစဉ်သည် သမိုင်းဝင်ခရီးစဉ်ဖြစ်ပါကြောင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာအစိုးရတို့အကြား၊ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုများရှိကြပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုနှင့် အပြန်အလှန်အထောက်အကူပြုမှုများကို အမှတ်တရရှိနေမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ထေရဝါဒဘာသာဝင်နိုင်ငံများဖြစ်ကြပြီး ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ တူညီကြပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ ခရီးစဉ်သည် အကျိုးရှိသည့် ခရီးစဉ်တစ်ရပ်ဖြစ်ပြီး ခရီးစဉ်အောင်မြင်ချောမွေ့စေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပဏာမနှုတ်ခွန်းဆက်ပြောကြားသည်။

၎င်းနောက် နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြားရာတွင် ဘုရင်မင်းမြတ်မှ မိမိတို့ကိုယ်စားလှယ်အဖွဲ့အား တခမ်းတနားကြိုဆိုသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ အဆွေတော်ဘုရင်မင်းမြတ်အား မိမိအနေဖြင့် သုံးကြိမ်တိုင် တွေ့ဆုံခဲ့ပြီးဖြစ်ပါကြောင်း၊ ပထမတစ်ကြိမ်မှာ မိမိဝန်ကြီးချုပ်ဘဝက တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး ဒုတိယတစ်ကြိမ်မှာ စီအယ်လ်အမ်ဗွီအစည်းအဝေးတက်ရောက်စဉ် အခြားနိုင်ငံများနှင့် ပူးတွဲတွေ့ဆုံခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုအကြိမ်သည် တတိယအကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ မိမိနှင့် မြန်မာပြည်သူများက အဆွေတော်ဘုရင်မင်းမြတ်နှင့် တော်ဝင်မိသားစု၊ ကမ္ဘောဒီးယားပြည်သူများအတွက် ဆုတောင်းမေတ္တာများ ပို့သလိုက်ပါကြောင်း၊ မိမိ၏ခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တူညီသည့် သမိုင်းကြောင်းများရှိကြပြီး ဓလေ့ထုံးစံနှင့် ဘာသာရေးအရ တူညီသည့်နိုင်ငံများဖြစ်ပါကြောင်းဖြင့် ပြန်လည်နှုတ်ခွန်းဆက်ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားဘုရင်မင်းမြတ်က တော်ဝင်မိသားစုမှ သမ္မတအား နှုတ်ခွန်းဆက်သပါကြောင်း၊ ယခုကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်သည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှုကို ပြည်သူများအကြား နောင်လာနောက်သားများအထိ ဆက်လက်ထိန်းသိမ်းလိုသည့် ဆန္ဒများရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံပြည်သူများနှင့် အစိုးရနှစ်ရပ်အကြား အချင်းချင်း အပြန်အလှန်အထောက်အကူပြုလျက်ရှိပါကြောင်း၊ အထူးသဖြင့် စီးပွားရေးနှင့် လူမှုရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုများက နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေလျက်ရှိပါကြောင်း၊ အဆွေတော်သမ္မတ၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူများ သာယာဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း ကြားသိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစဉ်တစိုက်ရပ်တည်

၎င်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုမှာ နှစ်(၆၀) ခန့်ရှိပြီဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား မည်သည့်ပြဿနာမျှမရှိပါကြောင်း၊ ဘုရင်မင်းမြတ်ပြောကြားသကဲ့သို့ပင် ချစ်ကြည်ရင်းနှီးမှုများကို မြန်မာပြည်သူများအကြား သားစဉ်မြေးဆက်ထိန်းသိမ်းသွားရန် သန္နိဋ္ဌာန်ချမှတ်ထားပါကြောင်း၊ ထို့အတူ ကမ္ဘောဒီးယားနိုင်ငံမှ မြန်မာနိုင်ငံအား ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်၌ ထောက်ခံအားပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရာ ကမ္ဘောဒီးယားဘုရင်မင်းမြတ်ကလည်း ကမ္ဘောဒီးယားနိုင်ငံသည် မြန်မာနိုင်ငံဘက်မှ အစဉ်တစိုက် ရပ်တည်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေး လမ်းစဉ်(၇)ရပ်ကို အမြဲထောက်ခံအားပေးခဲ့ပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတက ဘုရင်မင်းမြတ်အနေဖြင့် ဘာသာရေးကိုင်းရှိုင်းသူတစ်ဦးဖြစ်သည်ကို သိရှိပါကြောင်း၊ မြန်မာနိုင်ငံရှိ ရွှေတိဂုံဘုရားအပါအဝင် တန်ခိုးကြီးဘုရားများအား အဆင်ပြေမည့်အချိန်တွင် လာရောက်ဖူးမြော်ပါရန် ဖိတ်ခေါ်ပါကြောင်းပြောကြားရာ ကမ္ဘောဒီးယားဘုရင်မင်းမြတ်က မိမိအား ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထေရဝါဒထွန်းကားသည့် မြန်မာနိုင်ငံသို့ လာရောက်လိုပါကြောင်း၊ အဆင်ပြေသည့်အချိန်တွင် အစောဆုံးလာရောက်မည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အပြုသဘောဖြစ်ပေါ်တိုးတက်မှုများအပေါ် ချီးကျူးဂုဏ်ယူလျက်ရှိပါကြောင်း၊ အနာဂတ်တွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာအစိုးရနှင့် ပြည်သူများ သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် နိဂုံးချုပ်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ကမ္ဘောဒီးယားနိုင်ငံဘုရင်တို့သည် အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဖနောင်ပင်မြို့ရှိ Independence Monument သို့ သွားရောက်၍ ပန်းခွေချအလေးပြုသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီတို့ ဘုရင့်နန်းတော် Throne Hall ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖနောင်ပင်မြို့ရှိ Independence Monument ၌ ပန်းခွေချအလေးပြုစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ရောက်ရှိ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့ပြီးနောက် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးမာလီဆိုင်ညဆွန်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် အဖွဲ့ဝင်များ လိုက်ပါလျက် မတ် ၂၂ ရက် နံနက်ပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ဝန်ကြီး H.E. Mr. Samdech Chaufea Veang Kong Som Ol၊ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Thong Khon နှင့်တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်၊ စစ်သံမှူး ဗိုလ်မှူးချုပ်အောင်နိုင်နှင့်သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက ဖနောင်ပင်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ ဝပ်တေး (Wattay) အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များအား လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်းနှင့် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က လေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့အတူ လာအိုနိုင်ငံ နိုင်ငံတော်သမ္မတရုံးဝန်ကြီး H.E. Mr. Phongsavath Boupha၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယင်ကျန်းမြို့ ဒုတိယမြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် သံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လေယာဉ်လှေကားထိပ်မှ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဗီယင်ကျန်းမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာသို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား လာအိုနိုင်ငံ နိုင်ငံတော်သမ္မတရုံးဝန်ကြီး H.E. Mr. Phongsavath Boupha နှင့် တာဝန်ရှိသူများက ဗီယင်ကျန်းမြို့ ဝပ်တေးအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❒ *ကျော်ဖုံးမှ*

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဘုရင်နှင့်အတူ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌများ၊ ဒုတိယဝန်ကြီးချုပ်နှင့် ဘုရင့်နန်းတော်ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများကောင်စီဝန်ကြီး၊ အခြားဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကမ္ဘောဒီးယားနိုင်ငံဘုရင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆုတောင်းပတ္ထနာပြုသည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်က ပြောကြားရာတွင် သာယာလှပသည့် ဖနောင်ပင်မြို့ကို မိမိတို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ရောက်ရှိချိန်ကစ၍ မိမိနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား လှိုက်လှဲပျူငှာစွာကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် အဆွေတော်ဘုရင်မင်းမြတ်၊ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူများအား ကျေးဇူးတင်ရှိပါကြောင်း။

ဖနောင်ပင်မြို့တော်သည် မြစ်လေးခုဆုံစည်းရာ နေရာတွင်တည်ရှိပြီး သစ်ပင်များသွယ်တန်းစိုက်ပျိုးထားသည့် လမ်းမကြီးများဖြင့် များစွာပနံရလျက်ရှိပါကြောင်း။

ရင်းနှီးကျွမ်းဝင်

တူညီသည့်ယဉ်ကျေးမှုအစဉ်အလာများ၊ ဘာသာတရားများကိုအခြေခံ၍ မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှေးယခင်နှစ်များကတည်းက ရင်းနှီးကျွမ်းဝင်မှုများ ရှိခဲ့သည့် နိုင်ငံများဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့မျက်မှောက်ကာလတွင် မိမိတို့ နှစ်နိုင်ငံ ရင်းနှီးချစ်ခင်စွာပူးပေါင်းဆောင်ရွက်နေမှုများသည် သာမန်ကျိုးကြောင်း တိုက်ဆိုင်မှုများ မဟုတ်ပါကြောင်း။

မိမိနှင့်ကိုယ်စားလှယ်အဖွဲ့အပေါ် ယခုကဲ့သို့ ဖော်ရွေရင်းနှီးသည့် ဧည့်ဝတ်ပြုမှုများသည် မိမိတို့ နှစ်နိုင်ငံအကြားတွင် တည်ရှိနေသည့်အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုနှင့် တိုးတက်ဖြစ်ထွန်းနေသည့် ပူးပေါင်းဆောင်ရွက်မှုများကို ထင်ဟပ်ပြလျက်ရှိပါကြောင်း။

လေ့လာခွင့်ရရှိ

မိမိအနေဖြင့် ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်က ကမ္ဘောဒီးယားနိုင်ငံသို့ ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ပထမအကြိမ်အလည်အပတ်ရောက်ရှိခဲ့ပြီး ၂၀၁၀ ခုနှစ် နိုဝင်ဘာလတွင် ထပ်မံလာရောက်ခွင့်ရရှိခဲ့ပါကြောင်း၊ ယခု တစ်ဖန် နောက်တစ်ကြိမ်လာရောက်လည်ပတ်ရသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ ယခုခရီးစဉ်မှာတိုတောင်းသော်လည်း မိတ်ကောင်းဆွေကောင်းများနှင့် ရှိရင်းစွဲခင်မင်မှုများကို ထပ်မံခိုင်မြဲစေရုံသာမက မကြာသေးမီနှစ်များအတွင်းတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရရှိစေခဲ့ပါကြောင်း။

ချမှတ်ဆောင်ရွက်

မိမိတို့အစိုးရသည် ပြည်သူများက ရွေးချယ်တင်မြှောက်ထားသည့် အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုလားချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရန် သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူတို့၏ အဓိကဆန္ဒကြီးနှစ်ရပ်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အစဉ်တစိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံညှိနှိုင်းပြီး ပြည်တွင်းနိုင်ငံရေးတည်ငြိမ်အောင် တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သကဲ့သို့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကမ်းလှမ်းဖိတ်ခေါ်ဆွေးနွေးပြီး ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်တိုးတက်လာသည်နှင့်အမျှ ပြည်ပဖိအားများလျော့ကျကာ ထိတွေ့ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာပြီး စီးပွားရေးအတွက် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် အခြေအနေကောင်းများလည်း ဖြစ်ပေါ်နေပြီဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း တိုင်းပြည်ချမ်းသာ ကြွယ်ဝစေရေးအတွက် စက်မှုနိုင်ငံထူထောင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ အခြားတစ်ဖက်ကလည်း အခြေခံအဆောက်အအုံများ၊ လူသားအရင်းအမြစ်၊ ကျွမ်းကျင်လုပ်သား၊ နည်းပညာမြှင့်တင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ တရားဥပဒေ အခြေခံအဖွဲ့အစည်းတည်ဆောက်မှု၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးနယ်ပယ်၊ ပုဂ္ဂလိကပါဝင်မှုအချိုးအစား မြှင့်တင်ရေး စသည့် ဘက်စုံလွှမ်းခြုံပါဝင်သည့်အစီအမံများကို ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် နိုင်ငံအသွင်ကူးပြောင်းရေး၊ နိုင်ငံတော်သစ်တည်ဆောက်ရေးနှင့် မြန်မာ့လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံး မြင့်တက်လာရေး စသည့် တာဝန်ကြီး (၃)ရပ်ကို တစ်ချိန်တည်းတစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် ထာဝရငြိမ်းချမ်းရေးနှင့် စီးပွားရေးဦးမော့လာစေရေးဆောင်ရွက်နေစဉ်အတွင်း မိမိတို့မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖနောင်ပင်မြို့သို့ရောက်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံ၏ အခြေခံအဆောက်အအုံတိုးတက်မှု၊ ခရီးသွားလုပ်ငန်းနှင့် ဆက်သွယ်ရေးလုပ်ငန်းအပါအဝင်ကဏ္ဍများစွာ၌ သိသာစွာအောင်မြင်မှုရရှိနေသည်များကို မျက်မြင်လေ့လာခွင့်ရရှိခဲ့ပါကြောင်း၊ ချစ်ခင်ရင်းနှီးသည့် ညီအစ်ကိုနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူတို့၏ အောင်မြင်မှုအတွက် မိမိတို့ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယခုထက်ဆတက်ထမ်းပိုး အောင်မြင်မှုများရရှိရန် ဆုမွန်ကောင်းများတောင်းအပ်ပါကြောင်းဖြင့် ပြောကြားပြီး ကမ္ဘောဒီးယားဘုရင်မင်းမြတ် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစေရေး၊ ကမ္ဘောဒီးယားနိုင်ငံဖွံ့ဖြိုးတိုးတက်သာယာဝပြောစေရေးနှင့် မြန်မာပြည်သူများနှင့် ကမ္ဘောဒီးယားပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် ဆုတောင်းပတ္ထနာပြုသည်။

ယင်းနောက် နှစ်နိုင်ငံအကြီးအကဲများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ကမ္ဘောဒီးယားယဉ်ကျေးမှုအဖွဲ့က နှစ်နိုင်ငံယဉ်ကျေးမှု အကပဒေသာများနှင့် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

နှုတ်ခွန်းဆက်စကားပြောကြား

ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ်နိုရိုဒွန် သီဟာမိုနီ ဂုဏ်ပြု ညစာစားပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

■ *ကျော်ဖုံးမှ*

ထိုသို့တွေ့ဆုံရာ၌ ရှေးဦးစွာ ကမ္ဘောဒီးယားဝန်ကြီးချုပ်က အဆွေတော် သမ္မတကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ သမ္မတကြီးအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဝန်ကြီးချုပ်တာဝန်ထမ်းဆောင်စဉ်က အကြိမ်ကြိမ်လာရောက်ခဲ့ပါကြောင်း၊ ယခုအဆွေတော်၏ ခရီးစဉ်သည် ကမ္ဘောဒီးယား-မြန်မာ ချစ်ခင်ရင်းနှီးမှုများတိုးပွားစေမည်ဟု ယုံကြည်ပါကြောင်းဖြင့် နှုတ်ခွန်းဆက်ပြောကြားရာ နိုင်ငံတော်သမ္မတကလည်း အဆွေတော်နှင့် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ဂျီအမ်အက်စ်အစည်းအဝေးပြီးနောက် ယခုပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံရခြင်းဖြစ်ရာ ကျန်းကျန်းမာမာဖြင့် တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့် ပြန်လည်နှုတ်ခွန်းဆက်သည်။

၎င်းနောက် ကမ္ဘောဒီးယားဝန်ကြီးချုပ်က အဆွေတော်သမ္မတကြီး၏ ခရီးစဉ်တွင် သက်ဆိုင်ရာဌာနအသီးသီး၏ အဆင့်မြင့်ခေါင်းဆောင်များ ပါဝင်သည့်အတွက် ဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံ၌ ကျင်းပခဲ့သည့် ဂျီအမ်အက်စ်ထိပ်သီးအစည်းအဝေးသည် အထူးအရေးကြီးသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ မိမိအနေဖြင့် ၎င်းအစည်းအဝေးတက်ရောက်စဉ် နိုင်ငံတော်သမ္မတကြီးနှင့်တွေ့ဆုံ၍ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးခဲ့ပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ မြန်မာနိုင်ငံအား အကူအညီပေးရေးအတွက်လည်း ဆွေးနွေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ပေါ်နေမှုများအပေါ် အမေရိကန်နှင့် အီးယူတို့၏ အပြုသဘော အမြင်ရှိနေမှုများကို တွေ့ရှိရသည့်အတွက် ကြိုဆိုကြောင်း ပြောကြားခဲ့ပါကြောင်း။

မိမိတို့ နှစ်နိုင်ငံသည် အစဉ်အဆက် ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများဖြစ်ကြပြီး အခက်အခဲကာလများကို အတူတကွ ဖြတ်သန်းကျော်လွှားခဲ့ကြပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ၏ တိုးတက်မှုကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ၂၀၁၄ ခုနှစ်၊ ဒေသဆိုင်ရာအာဆီယံအဖွဲ့၏ဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်မည်ဟု မိမိယုံကြည်ပါကြောင်း။

ထောက်ပံ့မှုများ ပေးအပ်

သမ္မတကြီး၏ မြန်မာ-ကမ္ဘောဒီးယားဆက်ဆံရေး တိုးမြှင့်စေရန် ပံ့ပိုးပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ရေလွှမ်းမိုးစဉ်က မြန်မာနိုင်ငံမှ ထောက်ပံ့မှုများ ပေးအပ်ခဲ့ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား တိုက်ရိုက်လေယာဉ်ပြေးဆွဲမှု ပြုလုပ်နိုင်ခြင်းအတွက် ဝမ်းမြောက်ပါကြောင်း၊ ခရီးသွားလုပ်ငန်းများလည်း မြှင့်တင်နိုင်ခဲ့ပါကြောင်း။

အလားတူ စီးပွားရေးကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်လိုပါကြောင်း။

မြန်မာနိုင်ငံတွင် ကုန်သွယ်မှုအခွင့်အလမ်းများစွာရှိရာ နှစ်နိုင်ငံစီးပွားရေးမြှင့်တင်နိုင်ရေးအတွက် အသေးစိတ် ဆွေးနွေးကြရန် အကြံပြုပြောကြားလိုပါကြောင်း။

ဒေသတွင်း ဆောင်ရွက်မှုအနေဖြင့် မိမိတို့သည် လက်ရှိအာဆီယံ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။ “ အာဆီယံအသိုင်းအဝန်း တစ်ခုရည်မှန်းချက်တစ်ခု” ဆောင်ပုဒ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဒေသဆိုင်ရာ နိုင်ငံအားလုံးက ဆွေးနွေးသွားရန် လိုအပ်ပါကြောင်း၊ အာဆီယံအသိုင်းအဝန်း တည်ထောင်မှုအတွက် အာဆီယံနိုင်ငံများပူးပေါင်းရန်လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

မျှော်လင့်

ဆက်လက်၍ နိုင်ငံတော်သမ္မတက ပြန်လည်ပြောကြား ဆွေးနွေးရာတွင် အဆွေတော်ဝန်ကြီးချုပ်ရှင်းပြသည့် အချက်အလက်များကို မိမိအနေဖြင့် နားလည်သဘောပေါက်သကဲ့သို့ သဘောလည်းတူညီပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မြဲစေရန်အတွက် မိမိအနေဖြင့် သမ္မတတာဝန်ထမ်းဆောင်သည့် တစ်နှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခြင်းဖြစ်ပါကြောင်း၊ ကမ္ဘောဒီးယားဘုရင်နှင့် တွေ့ဆုံစဉ် ခမ်းနားစွာဂုဏ်ပြုကြိုဆိုသည့်အတွက်လည်းကောင်း၊ ဘုရင့်နန်းတော်သွားရာ လမ်းတစ်လျှောက်တွင် ကမ္ဘောဒီးယားပြည်သူများမှ လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည့်အတွက်လည်းကောင်း များစွာဝမ်းမြောက်မိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာများ၌ မြန်မာနိုင်ငံဘက်မှ ရပ်တည်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စီးပွားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် အခွင့်အလမ်းများစွာ ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ လေကြောင်းလမ်းတစ်ခုသာရှိပြီး ကုန်းလမ်းဆက်သွယ်မှုမရှိသေးပါကြောင်း၊ မိမိတို့အနေဖြင့် လာအို-မြန်မာ မဲခေါင်မြစ်ကူးတံတား တည်ဆောက်ရန် ရှိပါကြောင်း၊ အဆိုပါတံတား တည်ဆောက်ပြီးပါက လာအိုမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံသို့ ရောက်ရှိနိုင်ပါကြောင်း၊ မြန်မာ-လာအိုကားလမ်း ဆက်သွယ်ထူထောင်ပြီးပါက ကမ္ဘောဒီးယားနိုင်ငံအတွက်လည်း အကျိုးရှိမည်ဟု မျှော်လင့်ပါကြောင်း။

ဆက်စပ်သွား

လာအို-မြန်မာ မဲခေါင်မြစ်ကူးတံတားတည်ဆောက်ပြီးပါက ကားလမ်းသာမက ရထားလမ်းပါ တည်ဆောက်ရန် စီမံကိန်းရှိပါကြောင်း၊ ထို့အတူ မြန်မာနိုင်ငံတောင်ပိုင်း ထိုင်းနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် ထားဝယ်ဒေသတွင် ပင်လယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်များ တည်ဆောက်နေပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ထားဝယ်နှင့် ထိုင်းနိုင်ငံ ဆက်သွယ်မည်ဖြစ်ပါကြောင်း၊ အဆိုပါဒေသမှ ထိုင်းနိုင်ငံ ဗန်ကောက်သို့ ကားလမ်း၊ ရထားလမ်းဖောက်လုပ်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ယင်းရထားလမ်းပြီးသွားပါက စင်ကာပူမှ တရုတ်နိုင်ငံ ကူမင်းသို့ ဆက်သွယ်သည့် ရထားလမ်းဖြင့် ဆက်စပ်သွားမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်ပါက စီးပွားရေးအရ သဘာဝသယံဇာတများဖြစ်သည့် သစ်တောထွက်ပစ္စည်း၊ ရော်ဘာ၊ သားငါး၊ ဆန်၊ ဆီအုန်းနှင့် အခြားသော စိုက်ပျိုးရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံများ အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် ဂျီအမ်အက်စ်နှင့်အက်ကမက် စသော အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်ရေးစီမံချက်များ အကောင်အထည်ဖော်မှု နှေးကွေးနေပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ အစိုးရချင်းသာမက ပါလီမန်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများလည်း ပြုလုပ်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရန် ဆွေးနွေးလျက်ရှိပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပြောကြား

ယင်းနောက် ကမ္ဘောဒီးယားဝန်ကြီးချုပ်က လမ်းဖောက်လုပ်သည့်ကိစ္စနှင့် ပတ်သက်၍ မြန်မာနှင့် ကမ္ဘောဒီးယားတို့အကြား လမ်းပန်းဆက်သွယ်နိုင်သည့် နေရာသုံးနေရာရှိပါကြောင်း၊ (၁) မဲခေါင်တံတားကိုဖြတ်၍ လာအိုမှတစ်ဆင့် မြန်မာနိုင်ငံသို့ သွားရောက်ခြင်း၊ (၂) ဗီယက်နမ်နိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ သွားရောက်ခြင်း၊ (၃) ထိုင်းနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံသို့ သွားရောက်ခြင်း ဖြစ်ပါကြောင်း၊ ၎င်းလမ်းကြောင်း သုံးခုအနက် ထိုင်းမှ မြန်မာနိုင်ငံသို့ သွားရောက်ခြင်းမှာ အတိုဆုံး လမ်းကြောင်းဖြစ်ပါကြောင်း၊ အရှေ့အာရှကိုဖြတ်၍ အိန္ဒိယနှင့် ဆက်သွယ်သည့်လမ်း ဖြစ်လာနိုင်ပါကြောင်း၊ စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ငွေကြေးရရှိနိုင်မည့်နည်းလမ်းကို နိုင်ငံများ ဆွေးနွေးသွားသင့်သည်ဟု ယူဆပါကြောင်း ဆွေးနွေးပြောကြားသည်။

၎င်းနောက် နိုင်ငံတော်သမ္မတက အဆွေတော်ဝန်ကြီးချုပ်၏ ပြောကြားချက်များအတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် နိဂုံးချုပ် ပြောကြားသည်။ **(သတင်းစဉ်)**

(၂၀၁၂-၂၀၁၃)ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍအတွက် ရန်ပုံငွေကို လေးဆတိုးမြှင့်ချထားပေးမည်

တီဘီလူနာတိုင်းအား ရောဂါရှာဖွေ၍ ပျောက်ကင်းအောင်ကုသပေးနိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်

နောင်အနာဂတ်မျိုးဆက်သစ်များတွင် တီဘီရောဂါကင်းဝေးစေရေး ဟန်ချက်ညီညီပူးပေါင်းဖော်ဆောင်

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားအပ်ပါသော ပြည်သူလူထုခင်ဗျား-

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြလျက် ကောင်းကျိုးမင်္ဂလာအဖြာဖြာဖြင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မိမိတို့နိုင်ငံတွင် ပြည်သူလူထုမှကိုယ်တိုင်ပါဝင်ဆန္ဒပြု ရွေးချယ်တင်မြှောက်ခဲ့သော ပါတီစုံဒီမိုကရေစီစနစ်အရ (၂၀၁၁)ခုနှစ် မတ်လ ၃၀ ရက်နေ့မှ စတင်ဖွဲ့စည်းတာဝန်ယူခဲ့သည့် အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်တော့မည့် အချိန်သို့ ချဉ်းနင်းဝင်ရောက်နေသည့် ကာလဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတာဝန် စတင်ထမ်းဆောင်ခဲ့သည့်ကာလတိုအတွင်းမှာပင် နိုင်ငံသားတို့၏ အမျိုးသားရေးအကျိုးစီးပွားကိုရှေးရှု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းတာဝန်အား အမျိုးသားရေးရည်မှန်းချက်အဖြစ်ချမှတ်ပြီး လုပ်ငန်းစဉ်(၈)ရပ်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါသည်။

ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု၊ လွှမ်းခြုံမှုများလည်း ပိုမိုမြှင့်တင်၍ နိုင်ငံတော်ပံ့ပိုးထည့်ဝင်မှုများ တိုးမြှင့်ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးကဏ္ဍတွင် အမျိုးသားကျန်းမာရေးစီမံကိန်း(၂၀၁၁-၂၀၁၆)ကို ရေးဆွဲပြီး ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော ထောင်စုနှစ်ရည်မှန်းချက်များကို (၂၀၁၅)ခုနှစ်တွင် ပြည့်မီစေရန် အားသွန်ဆောင်ရွက်နေချိန်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် အဓိကအဖြစ်အများဆုံး ရောဂါကြီးသုံးမျိုးဖြစ်သော ခုခံကျ/ကာလသားရောဂါ၊ ငှက်ဖျားရောဂါ၊တီဘီရောဂါများကို သတ်မှတ်ပြီးရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများကို အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

ယနေ့အခါသမယသည် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ မြန်မာနိုင်ငံနှင့်အဝန်းတွင် ကျင်းပနေသောအခါသမယ ဖြစ်ပါသည်။

ယနေ့ကမ္ဘာပေါ်တွင် နှစ်စဉ်တီဘီရောဂါဖြစ်ပွားသူ ၈ ဒသမ ၄ သန်းခန့်ရှိပြီး တီဘီကြောင့် သေဆုံးသူသည် ၁ဒသမ ၄သန်းခန့်ရှိနေပါသည်။ တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည် ၁၅ နှစ်မှ ၅၄ နှစ်ကြားရှိလူများဖြစ်ကြပြီး နိုင်ငံ၏ကုန်ထုတ်စွမ်းအား အပေးနိုင်ဆုံးအုပ်စုတွင် ဖြစ်ပွားနေခြင်းကို တွေ့ရပါသည်။ ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှု၏ ၈၀ရာခိုင်နှုန်းသည် ကမ္ဘာ့တီဘီအဖြစ်အများဆုံး (၂၂) နိုင်ငံမှဖြစ်ကြောင်း သိရှိရပါသည်။ အရှေ့တောင်အာရှမှ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့(ရှ်)နှင့် မြန်မာနိုင်ငံပါဝင်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သို့ တီဘီရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ အစီရင်ခံသော နိုင်ငံပေါင်း (၁၉၈)နိုင်ငံအနက် တီဘီအဖြစ်အများဆုံး (၂၂) နိုင်ငံတွင် လည်းကောင်း၊ ဆေးယဉ်ပါးတီဘီအဖြစ်အများဆုံး (၂၇) နိုင်ငံတွင်လည်းကောင်း၊ တီဘီ/အိပ်ချ်အိုင်ဗွီအဖြစ်အများဆုံး (၄၁)နိုင်ငံတွင်လည်းကောင်း မြန်မာနိုင်ငံ ပါဝင်လျက်ရှိပါသည်။ တီဘီရောဂါသည် ကူးစက်ရောဂါကြောင့် သေဆုံးမှုများတွင် ကမ္ဘာတွင် ဒုတိယအများဆုံးဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွင် တီဘီရောဂါသည် အရေးယူဂရုပြုခံရမှုနည်းပါးသောရောဂါဖြစ်ပါသည်။ သို့ပါ၍ ကျွန်ုပ်တို့အနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေးအပေါ် ပိုမိုအလေးထားပံ့ပိုးဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာန၏ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ဆန်းစစ်သုံးသပ်ကြည့်လျှင် မြို့နယ်ကျန်းမာရေးဌာနများတွင် တီဘီရောဂါရှာဖွေကုသနိုင်ရန် နိုင်ငံတစ်ဝန်းလွှမ်းခြုံ၍ ပြည်သူလူထုမှ လွယ်လင့်တကူ ရောဂါရှာဖွေကုသနိုင်ရန် လွှမ်းခြုံမှုကို ကျေးလက်ဒေသအောက်ခြေအထိ ရရှိရေးအတွက် တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် THE STOP TB PARTNERSHIP တို့၏ ပံ့ပိုးကူညီမှုနှင့် တီဘီရောဂါတိုက်ဖျက်ရေးကို ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်အောင်မြင်မှုသည် ကမ္ဘာ့ကုလသမဂ္ဂက ချမှတ်ထားသော ထောင်စုနှစ်ရည်မှန်းချက်များကို ၂၀၁၅ ခုနှစ်တွင် ပြည့်မီစေမည့် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီး အချိန်နှင့်တစ်ပြေးညီပြည့်မီစေရန် အချိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ရန်ပုံငွေကို (၁၉၉၅-၉၆)ခုနှစ်တွင် ကျပ်သန်းပေါင်း ၁၄ သန်းသာ ခွဲဝေချပေးရာမှ (၂၀၁၀-၁၁)ခုနှစ်တွင် ကျပ်သန်းပေါင်း (၆၂၆) သန်းအထိ တိုးမြှင့်ပေးခဲ့ပါသည်။ နိုင်ငံတော်၏ တီဘီရောဂါတိုက်ဖျက်ရေးအတွက် အချိုးကျထည့်ဝင်မှုများကြောင့် ရောဂါသုံးမျိုးရန်ပုံငွေ၊ ကမ္ဘာ့ရန်ပုံငွေများ၏ အထောက်အပံ့ကို ရရှိခဲ့ခြင်းက မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၏ သာဓကဖြစ်ပါသည်။

(၂၀၁၂-၂၀၁၃) ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ကျန်းမာရေးကဏ္ဍအတွက် ရန်ပုံငွေကို လေးဆတိုးမြှင့်ချထားပေးမည်ဖြစ်ရာ တီဘီလူနာတိုင်းအား ရောဂါရှာဖွေ၍ ပျောက်ကင်းအောင်ကုသပေးနိုင်ရန် ပြည်တွင်း၊ ပြည်ပလူမှုရေးမိတ်ဖက်အဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

ထို့ကြောင့် ယနေ့တိုက်တွန်းနှိုးဆော်မှုသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့်တကွ ကျန်းမာရေးဝန်ထမ်းများအားလုံး ပြည်တွင်း ပြည်ပလူမှုရေးအဖွဲ့အစည်းများ ကျန်းမာရေးအသိအပြည့်အဝဖြင့် နောင်အနာဂတ် မျိုးဆက်သစ်များတွင် တီဘီရောဂါကင်းဝေးရေးအတွက် ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကြပြီးတီဘီရောဂါဖြစ်ပွားမှု အရှိန်အဟုန်ဖြင့်ကျဆင်းလာစေရန် အထောက်အကူဖြစ်စေလိုပါသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအား တည်ဆောက်အကောင်အထည်ဖော်ရာတွင် နိုင်ငံသားတိုင်းကျန်းမာ၍ တီဘီရောဂါဘေးဆိုးမှ ကင်းဝေးစေရေးအတွက် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် မိမိနှင့်အတူ တက်ညီလက်ညီကြိုးပမ်းပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက်ထားတိုက်တွန်းအပ်ပါသည်ခင်ဗျား။ ။

(၂၀၁၂)ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍မိန့်ခွန်းပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၂ ခုနှစ် ကမ္ဘာ့ တီဘီရောဂါ တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၂၄

၂၀၁၂ ခုနှစ်၊ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်မိန့်ခွန်းပြောကြားရာတွင် တီဘီရောဂါသည် ကမ္ဘာ့လူသားများကို လွန်ခဲ့သည့် နှစ်ပေါင်း ၆၀၀၀ လောက်ကစပြီး ကူးစက်ပြန့်ပွားခဲ့သည်ဟု သိရကြောင်း၊ တီဘီရောဂါပိုးကို ၁၈၈၂ ခုနှစ်၊ မတ် ၂၄ ရက်တွင် ဂျာမန်သိပ္ပံပညာရှင် (Dr.Robert Koch) က ပထမဦးဆုံး စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယင်းပညာရှင်ကို ဂုဏ်ပြုသောအားဖြင့် မတ် ၂၄ ရက်ကို ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ကို ၁၉၉၆ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ ယနေ့ဆိုလျှင် (၁၇)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း။

တီဘီပိုးတွေ့ရှိမှုကို အခြေခံပြီး ရောဂါပိုးသေစေနိုင်သည့် တီဘီဆေးဝါးများ ၁၉၄၇ ခုနှစ်က စတင်ဖော်ထုတ်နိုင်ခဲ့ရာယခုဆိုလျှင် Fixed Dose Combination ဖြစ်သည့် တီဘီဆေးပေါင်းများ၊ တီဘီ Patient Kit များကို အသုံးပြုပြီး ရောဂါပျောက်နိုင်သည့်ကာလ ခြောက်လကနေ ရှစ်လကြာ ဆေးကုသပေးလျက်ရှိကြောင်း၊ ယင်းကဲ့သို့ ကုသမှုပေးနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့တီဘီရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုသည် ၂၀၀၄ ခုနှစ်ကစပြီး တဖြည်းဖြည်း လျော့နည်းကျဆင်းလာလျက်ရှိကြောင်း၊ သို့သော်ဖြစ်ပွားမှုကို ပြန်ကြည့်လျှင် ပြီးခဲ့သည့် ၂၀၁၁ ခုနှစ်၌ ကမ္ဘာ့တီဘီရောဂါ ဖြစ်ပွားသူ ၈ ဒသမ ၄ သန်းခန့်ရှိသည့်အနက် သေဆုံးသူ ၁ ဒသမ ၄သန်းခန့်ရှိကြောင်း၊ တီဘီရောဂါဖြစ်ပွားသူများ၏ ၈၀ ရာခိုင်နှုန်းသည်လည်း အသက် ၁၅ နှစ်ကနေ ၅၄ နှစ်အရွယ်အတွင်း ဖြစ်သည်ကိုတွေ့ရသည့်အတွက် တိုင်းပြည်၏ ကုန်ထုတ်စွမ်းအားအပေးနိုင်ဆုံးအုပ်စု၌ အများဆုံးဖြစ်ပွားနေသည်ကို တွေ့ရကြောင်း။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှဒေသ နိုင်ငံဖြစ်သည့် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့သည် ကမ္ဘာ့တီဘီအဖြစ် အများဆုံး (၂၂) နိုင်ငံထဲတွင် ပါဝင်နေကြကြောင်း။

တီဘီရောဂါဖြစ်ပွားသူ ၈ ဒသမ ၄ သန်းခန့်အနက်က ကျန်းမာရေးဌာနကို လာရောက်ကုသမှု ခံယူနိုင်သည်မှာ ၆၀ ရာခိုင်နှုန်းသာဖြစ်ပြီး ကျန် ၄၀ ရာခိုင်နှုန်းသည် ဆေးကုသခံယူမှု ခံယူခြင်းမရှိကြောင်း သိရှိရကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၁၁ ခုနှစ် နှစ်ချုပ်အစီရင်ခံစာအရ စုစုပေါင်းတီဘီလူနာတစ်သိန်းလေးသောင်းကျော် ရှာဖွေကုသပေးနိုင်ခဲ့သည့်အတွက် ထောင်စုနှစ်ရည်မှန်းချက် ပြည့်မီခဲ့သည်ဟုဆိုကြောင်း။

ယခုနှစ် ကမ္ဘာ့တီဘီ ရောဂါတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်မှာ Stop TB in my lifetime (တစ်သက်တာ တီဘီကင်းဝေးရေး၊ အားလုံးပါဝင် ဆောင်ရွက်ပေး) ဖြစ်ကြောင်း၊ ဆောင်ပုဒ်အရ တီဘီရောဂါကင်းစင်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ-

- လူတိုင်းကလေးဘဝကစပြီး တီဘီရောဂါကင်းဝေးရေး၊ တီဘီကြောင့် သေဆုံးခြင်းမရှိစေရေးနှင့် ဖြစ်လာလျှင် (DOTS) တိုက်ရိုက်ကြည့်ရှု အချိန်တိုကုထုံး သို့မဟုတ် အခြားလွယ်ကူလျင်မြန်စွာ ဈေးသက်သာသည့် နည်းများဖြင့် ပျောက်ကင်းအောင်အမြန်ဆုံးကုသနိုင်ရန်၊
- တီဘီရောဂါကုသနေသည့် လူနာများ၊ ပျောက်ကင်းသွားသည့် လူနာများမှ ပြည်သူလူထုနှင့် ရောဂါတိုက်ဖျက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်၊
- ကလေးသူငယ်များ ဦးနှောက်အမြှေးပါးရောင် တီဘီရောဂါကင်းဝေးအောင် ဆောင်ရွက်ကြရန်၊
- အိပ်ချ်အိုင်ဗွီ လူနာတိုင်းကို တီဘီရောဂါရှိ/မရှိစစ်ဆေးပြီး တီဘီရောဂါရှိလျှင်လည်း ပျောက်ကင်းအောင် အမြန်ဆုံးကုသပေးရန်၊
- ဆေးယဉ်ပါးသော တီဘီလူနာများ ရှာဖွေပြီး ထိရောက်သည့်ကုသမှုပေးရန်နှင့်
- နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းမိတ်ဖက်အဖွဲ့အစည်းများ၊ အခြားနှီးနွယ်သော ဝန်ကြီးဌာနများ၊ ကိုယ်ပိုင် ဆေးရုံကြီးများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန် စသည်တို့ဖြစ်ကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ၁၉၇၈ ခုနှစ်က စတင်၍ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။
- ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တီဘီရောဂါလူနာများကို အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ ကူညီပေးလျက်ရှိရာတွင် ယခင်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တစ်ခုတည်းသာရှိခဲ့ရာမှ ယခုဆိုလျှင် ပြည်ပအဖွဲ့အစည်း (၁၄)ခု၊ ပြည်တွင်းအဖွဲ့အစည်း (၅)ခုတို့နှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံဆရာဝန်အသင်း တီဘီစီမံချက်ကနေ အထွေထွေရောဂါကု ဆရာဝန်များနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။
- တီဘီဆေးယဉ်ပါးမှုအနေဖြင့် ယခင်က တီဘီပိုး မွေးပြီး နှစ်လကြာမှ အဖြေရခြင်းမှ ယခုအခါ ရန်ကုန်နှင့် မန္တလေးအဆင့်မြင့်တီဘီဓာတ်ခွဲဌာနများ၌ ၃ ရက်နှင့် အဖြေကိုရရှိနေပြီဖြစ်ကြောင်း။
- နိုင်ငံတော်အနေဖြင့် တီဘီရောဂါတိုက်ဖျက်ရေးအတွက် ရန်ပုံငွေကို ၁၉၉၅-၉၆ ခုနှစ်တွင် ကျပ် ၁၄ ဒသမ ၅ သန်း အသုံးပြုရာကနေ ၂၀၁၀-၁၁ ခုနှစ်တွင် ကျပ် ၆၂၆ သန်းအထိ တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ အဓိကလိုအပ်ချက်ဖြစ်သည့် အစွမ်းထက် တီဘီဆေးဝါးများ အဆက်မပြတ်

စာမျက်နှာ ၆ ကော်လံ ၅သို့

နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို အမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ဖေသက်ခင် ဖတ်ကြားစဉ်။
(သတင်းစဉ်)

အစိုးရအနေဖြင့် စတုတ္ထမဏ္ဍိုင်ဖြစ်သော စာပေစာနယ်ဇင်းလောကကို လေးစားတန်ဖိုးထား

ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်ကြီး (၃)ရပ်တည့်မတ်နေရန် စတုတ္ထမဏ္ဍိုင်ဟုခေါ်သော စာပေစာနယ်ဇင်းမဏ္ဍိုင်က ထိန်းကျောင်းပေးရမည်

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်) ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ညီလာခံသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နာယကများ၊ ဥက္ကဋ္ဌနှင့်ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ အရေးပေါ်ညီလာခံဗဟိုဦးစီးကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ သတင်းမီဒီယာများနှင့် မီဒီယာဆိုင်ရာ လေ့လာသူများ တက်ရောက်ကြသည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းကို ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူးဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး (၁) ဦးမြတ်ခိုင် (မြတ်ခိုင်)က ဆောင်ရွက်သည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံသည် ပုံမှန်အားဖြင့် ပဉ္စမအကြိမ် ညီလာခံကျင်းပပြီးနောက် ပဉ္စမအကြိမ် ညီလာခံ၏ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေးခေါ်ယူရမည့်အချိန်၌ ပြုလုပ်သောညီလာခံဖြစ်သကဲ့သို့ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီး၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ခေါ်ယူသောညီလာခံလည်းဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဟူ၍ ဒီမိုကရေစီခေတ်တစ်ခေတ်ကို ဖွင့်လှစ်ခဲ့သော တစ်နှစ်တာကာလအတွင်းမှာပင် သိသာထင်ရှားသော ပြောင်းလဲမှုများကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ ဤသို့ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ခြင်းသည် တစ်ဦးတစ်ယောက်အတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်မဟုတ်ဘဲ နိုင်ငံတော်အကျိုး၊ တိုင်းပြည်နှင့် ပြည်သူများ၏ အကျိုးအတွက် ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ယင်းသို့ ပြုပြင်ပြောင်းလဲလျက်ရှိရာတွင် ယခင်ဖွဲ့စည်းထားရှိခဲ့ပြီးဖြစ်သော အရပ်ဘက်ဆိုင်ရာအဖွဲ့အစည်းများသည်လည်း ဒီမိုကရေစီလမ်းကြောင်းနှင့် ညီညွတ်အောင် ပြုပြင်ပြောင်းလဲဖွဲ့စည်းကြလျက်ရှိကြောင်း၊ အလားတူ ယနေ့မီဒီယာလောကကိုလည်း ခေတ်၊ စနစ်နှင့်အညီ ပြုပြင်ပြောင်းလဲလိုကြသည့်အတွက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးကို ခေတ်စနစ်နှင့်လိုက်လျောညီထွေဖြစ်မည့်အသင်းအဖွဲ့များ၊ ယင်းအဖွဲ့အစည်းများပေါင်းစုမည့် မီဒီယာအဖွဲ့ချုပ်ကြီးစသဖြင့် ဖြစ်ထွန်းပေါ်ပေါက်လာရန်ရည်ရွယ်ပြီး ယနေ့အရေးပေါ်ညီလာခံကို ခေါ်ယူရခြင်း ဖြစ်ကြောင်း။

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးသည် ယခင်က မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့မှ ဆင်းသက်လာခြင်းဖြစ်ကြောင်း၊ နိုင်ငံ့အကျိုး၊ တိုင်းသူပြည်သားများအကျိုးကို ကလောင်ဖြင့် စွမ်းဆောင်ကြသူများ၏ အဖွဲ့အစည်းကြီးပင်ဖြစ်ကြောင်း၊ ဤအဖွဲ့ကြီး၌ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကျမ်းစသည်တို့ကိုရေးသားဖွဲ့ဆို ပြုစုကြသော စာရေးဆရာများ၊ သတင်းထောက်၊ သတင်းအယ်ဒီတာ၊ ဓာတ်ပုံသတင်းထောက်၊ ကာတွန်းဆရာ စသည်တို့ပါရှိသော သတင်းစာဆရာများ၊ စာအုပ်စာစောင်အမျိုးမျိုးကို ပုံနှိပ်ထုတ်ဝေဖြန့်ချိနေကြသော ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူများ စသည်ဖြင့် အလွှာအသီးသီးပါရှိကြောင်း၊ အဲဒီနယ်ပယ်သုံးရပ်က စာပေလောကသားများ မိမိတို့နယ်ပယ်အလိုက် စုစုစည်းစည်း၊ ထက်ထက်မြက်မြက်၊ ထိထိရောက်ရောက် လုပ်ဆောင်နိုင်စေရေး ရည်ရွယ်၍ အသင်းများဖွဲ့စည်းတည်ထောင်နိုင်ရန်အတွက် ယခုညီလာခံ၌ သဘောထားရယူမည်ဟု သိရကြောင်း။

ထို့အပြင် ပြောင်းလဲဖွဲ့စည်းသွားမည့် သက်ဆိုင်ရာနယ်ပယ်အလိုက်အသင်းများမှတစ်ဆင့် အနာဂတ်တွင် ပိုမိုစနစ်ကျသော၊ ပိုမိုအင်အားကောင်းမွန်သော မီဒီယာဖက်ဒရေးရှင်းကြီးတစ်ခု သို့မဟုတ် အသင်းချုပ်ကြီးတစ်ခုကို ပူးပေါင်းအကောင်အထည်ဖော်ရပ်တည်နိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရှိရကြောင်း၊ ထို့ကြောင့် ကနဦးအဆင့်တွင် အခြေခံခိုင်မာတောင့်တင်းသော အသင်းများပေါ်ပေါက်လာရေးအတွက် စည်းစနစ်ကျနသောဖွဲ့စည်းပုံ၊ အခြေခံစည်းမျဉ်း လုပ်ထုံးလုပ်နည်းများ ရေးဆွဲအတည်ပြုနိုင်ရေး၊ ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်ဖွဲ့စည်းသွားနိုင်ရေးတို့သည် အရေးကြီးသော လုပ်ငန်းစဉ်များဖြစ်ကြောင်း မှာကြားလိုကြောင်း။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးသည် အမျိုးသားရေးတစ်ခုတည်းအပေါ်မှာသာ အခြေခံပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် စာပေလောကကို ညီညီညွတ်ညွတ်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စာပေလောကသားများ၏ အကျိုးကိစ္စများဖြစ်သော နည်းပညာနှင့်လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးဆိုင်ရာ သာရေးနာရေးကဏ္ဍအားလုံးကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယနေ့ပြုပြင်ပြောင်းလဲပြီး ဖွဲ့စည်းဖြစ်ပေါ်လာမည့် အသင်းများအနေဖြင့်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုး၊ စာပေလောကအကျိုး၊ စာပေလောကသားများ၏ အကျိုးအတွက် ပိုမိုထိရောက်စွာ စွမ်းဆောင်ပေးနိုင်သော အမျိုးသားရေးကိုသာအခြေခံသည့်တောင့်တင်းခိုင်မာသော အသင်းများဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ယခုကဲ့သို့ ပြောင်းလဲလာသော ခေတ်စနစ်များနှင့်အညီ အသင်းအဖွဲ့တွေကို ဖွဲ့စည်းခွင့်ရှိလာချိန်မှာ အတိတ်ကသမိုင်းသင်ခန်းစာတွေကိုလည်း ပြန်လည်ကြည့်ရှုသုံးသပ်မိကြရန် လိုအပ်မှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့အနေဖြင့် အနာဂတ်မှာ ဘာတွေဆောင်ရွက်ကြမည်ကို စဉ်းစားမည်ဆိုလျှင် အတိတ်တွင် ဘာတွေ ဖြစ်ခဲ့သည်၊ လက်ရှိတွင် ဘာတွေလုပ်ဆောင်နေကြသည်၊ ဘာတွေဖြစ်နေကြသည်ဆိုတာကို ဆက်စပ်စဉ်းစားဆွေးနွေးကြရန်ပင် ဖြစ်ကြောင်း၊ နိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်နှင့် ၁၉၆၂ ခုနှစ် ကြားကာလကို ပြန်ကြည့်သည့်အခါ စာပေနှင့် ပတ်သက်သော အဖွဲ့အစည်းပေါင်း (၂၀)ကျော်ခန့်ရှိခဲ့သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထိုအဖွဲ့အစည်းများမှာ ပါဝင်ဆောင်ရွက်ခဲ့ကြသော စာပေလောကသားများသည် မူလတွင် မျိုးချစ်စိတ်၊ ဇာတိသွေး၊ ဇာတိမာန်များနှင့် အမျိုးသားရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် နိုင်ငံရေးဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အုပ်စုစွဲ၊ ဂိုဏ်းဂဏစွဲများဖြင့် အရောင်ခြယ်ခံရမှုများကြောင့် သန်ရာသန်ရာအုပ်စုများ ကွဲသွားကြပြီး စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြောင်း၊ နောက်ဆုံးတွင် သက်ဆိုင်ရာအုပ်စုတိုင်းလိုလိုက မြန်မာစာပေနှင့် စာနယ်ဇင်းလောကအတွင်း စာပေအဖွဲ့အစည်းအားလုံးကို အပိုင်စီးလိုလာကြကာ အာဏာလုပွဲ၊ ဗိုလ်လုပွဲများဖြင့် စာပေစစ်တလင်းပုံစံဖြစ်ခဲ့ရကြောင်း၊ ယင်းကဲ့သို့ အခြေအနေများကြောင့် ထိုကာလများက စာပေလောကသားများသည် တိုင်းပြည်နှင့်လူမျိုးအကျိုး၊ စာပေလောကအကျိုးကို တွင်တွင်ကျယ်ကျယ်မဖော်ဆောင်နိုင်ခဲ့သကဲ့သို့ အမျိုးသားရေးကိုလည်း ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့ကြသည်ကို ယနေ့တက်ရောက်လာကြသော ကိုယ်စားလှယ်တော်ကြီးများ အသိပင်ဖြစ်ကြောင်း။

ထို့ကြောင့် အသင်းအဖွဲ့အလိုက် ဖွဲ့စည်းဆောင်ရွက်ကြသည့်အခါ NGO အဖွဲ့အစည်းများပီပီ ပါတီနိုင်ငံရေး၊ ဂိုဏ်းဂဏကင်းသော၊ ပုဂ္ဂိုလ်စွဲကင်းသော စာပေအဖွဲ့အစည်းများဖြစ်စေရေးကိုလည်း သတိပြုဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အလားတူ စစ်မှန်သော စတုတ္ထမဏ္ဍိုင်ဖြစ်စေရန် အသင်းအဖွဲ့အလိုက် ခိုင်မာတိကျသော မူဝါဒများ၊လုပ်ငန်းစဉ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်သဘောထားများကို အသေးစိတ် စနစ်တကျ ပြုစုရေးဆွဲသွားကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စတုတ္ထမဏ္ဍိုင်ဖြစ်သော စာပေစာနယ်ဇင်းလောကကို လေးစားတန်ဖိုးထားကြောင်း၊ ယုံကြည်အားကိုးကြောင်း သဘောထားရပ်တည်ချက်ကို ဖွင့်ဟပြောကြားထားခဲ့ပြီးဖြစ်၍ စာပေစာနယ်ဇင်းလောကသားများအနေဖြင့် အရည်အချင်းပြည့်ဝသော၊ ကျင့်ဝတ်နှင့်ညီညွတ်သော၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်သော စစ်မှန်တဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်လာအောင် ကြိုးပမ်းသွားကြရန်တိုက်တွန်းပြောကြားလိုကြောင်း။

ဒီမိုကရေစီနိုင်ငံကို တည်ဆောက်ကြသည့်အခါ ဒီမိုကရေစီကို အောင်အောင်မြင်မြင်ကျင့်သုံးနိုင်ရန် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်စသော မဏ္ဍိုင်ကြီး (၃)ရပ်ရှိကြောင်း၊ ဤမဏ္ဍိုင်များတည့်မတ်နေရန်အတွက် စတုတ္ထမဏ္ဍိုင်ဟုခေါ်သော စာပေစာနယ်ဇင်းမဏ္ဍိုင်က ထိန်းကျောင်းပေးရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဒီမိုကရေစီတွင် အရာရာကိုအဆုံးအဖြတ်ပေးသော ပြည်သူဆိုသော မဏ္ဍိုင်ကြီးတစ်ရပ်လည်း ကျန်ရှိပါသေးကြောင်း၊ ထို့ကြောင့် ပြည်သူဆိုသော ပဉ္စမမဏ္ဍိုင်ကိုလည်း အသိဗဟုသုတရှိရန်၊ အကြောင်းအရာတစ်ခုကို မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရန်အတွက် စတုတ္ထမဏ္ဍိုင်ဖြစ်သော စာပေနှင့်စာနယ်ဇင်းမဏ္ဍိုင်အပြင် ကျန်သော မဏ္ဍိုင်များအားလုံးကပါ လုပ်ဆောင်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ထိုသို့ ကြီးလေးသောတာဝန်များကို ထမ်းဆောင်ကြရမည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်စေရန်အတွက် စာပေစာနယ်ဇင်းလောကသားများကို မိမိအနေဖြင့် အစဉ်အမြဲခံယူတိုက်တွန်းလေ့ရှိသော အချက်(၅)ချက်ကိုလည်း ထပ်လောင်းပြောကြားလိုကြောင်း၊ နံပါတ်တစ်အချက်မှာ စာပေစာနယ်ဇင်းမဏ္ဍိုင်သည် ဘက်မလိုက်ရန်၊ နံပါတ်နှစ်မှာ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြကြသည့်အခါ ပြည်သူများ မှန်မှန်ကန်ကန်သုံးသပ်ဆုံးဖြတ်နိုင်ရေးအတွက် ရှုထောင့်တစ်ခုတည်းက မရေးဘဲ ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြပေးရန်၊ နံပါတ်သုံးမှာ ထိုသို့ရေးသားကြသည့်အခါတွင် လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားကို အမြဲတမ်းယှဉ်သုံးကျင့်သုံးပြီး ရေးသားဖော်ဆောင်ပေးရန်၊ နံပါတ်လေးမှာ ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီဖြစ်သည့်အတွက် လွတ်လပ်စွာတွေးခေါ်နိုင်၊ ယူဆနိုင်၊ ထင်မြင်နိုင်၊ ကွဲပြားခွင့်ရှိကြောင်း၊ သို့သော် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ထိုသို့ကွဲပြားကြသည့်ကြားက Unity in Democracy ဆိုသည်လည်း ရှိသင့်ကြောင်း၊ ထို့ကြောင့် Unity in Democracy ကိုလည်း ဖော်ဆောင်နိုင်အောင် ကြိုးစားရန်နှင့် နံပါတ်ငါးမှာ Unity in Democracy ကို ဖော်ဆောင်သည့်အခါ၊ ပျိုးထောင်သည့်အခါ အမျိုးသားရေးကို အခြေခံရန်ဖြစ်ကြောင်း၊ ၎င်းမှာ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကို သွားကြသည့်အခါ တိုင်းပြည်အတွက်အရေးကြီးသော စာပေစာနယ်ဇင်းမဏ္ဍိုင်အနေဖြင့် ထို(၅)ချက်ကို ရှေးရှုသင့်ပါသည်ဟု အကြံပြုပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်သူနှင့်နိုင်ငံတော်အစိုးရက လေးစားယုံကြည်အားကိုးတန်ဖိုးထားသော စာပေအဖွဲ့အစည်းများအဖြစ် ပေါ်ပေါက်ရပ်တည်နိုင်အောင် ခိုင်မာသည့်မူဝါဒ၊ မှန်ကန်သော ရပ်တည်ချက်နှင့် လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ညီလာခံ ပထမပိုင်းကို ခေတ္တရပ်နားပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ညီလာခံသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညီလာခံဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ဆောင်ရွက်ကာ သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးကြိုင်မြင့်(မောင်ရန်ရှင်း)၊ဦးအေးကြည်(မောင်ညိုအေး-မောရဝတီ)၊ ဦးမြင့်ဆွေ(ဆွေနွယ်ဦး)၊ ဦးထိန်မင်း (မင်အေးငြိမ်းချေ)၊ ဦးခင်အောင် (ရွှေဘို ဘာမထီခင်အောင်)နှင့် ဦးတင်ထွန်းအုန်း (မန်းခြိမ့်ဖလေ့)တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၃) ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)နှင့် တွဲဖက်အခမ်း အနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသာထွန်းဦး (ဒေါက်တာ သာထွန်းဦး)တို့က ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်) က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီအစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)က ဘဏ္ဍာရေးအစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ (၁) ဦးခင်မောင်ထွန်း(ခင်မောင်ထွန်း-လမ်းမတော်)က မြန်မာနိုင်ငံစာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌ (၃) ဦးကိုကိုလှိုင် (ကိုကိုလှိုင်)က မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ဦးသန်းဝင်း(မင်းယဉ်စု)က ဗဟိုအမှုဆောင် ကော်မတီ၏ အစီရင်ခံစာကို လည်းကောင်း၊ ဦးခင်မောင်လင်း (မောင်ရဲမင်း)က ဘဏ္ဍာရေး အစီရင်ခံစာကို လည်းကောင်း၊ ဦးဝင်းအောင်(ထက်သူအောင်)က မြန်မာနိုင်ငံစာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကိုလည်းကောင်း၊ ဦးစိုးအောင်(စိုးအောင်-တာမွေ)က မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းကိုလည်းကောင်း အသီးသီးထောက်ခံအကြံပြု ဆွေးနွေးကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ အတွင်းရေးမှူး ဦးကိုကို(ကိုကို-စက်မှုတက္ကသိုလ်)က မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူအသင်းဖွဲ့စည်းရေးအတွက် ဖြစ်မြောက်ရေးကော်မတီဝင်စာရင်းကို ဖတ်ကြားတင်ပြပြီး ညီလာခံကို ခေတ္တရပ်နားသည်။

မွန်းလွဲပိုင်းတွင် ညီလာခံကို ဆက်လက်ကျင်းပရာ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က အရေးပေါ်ညီလာခံသို့တင်ပြခဲ့သည့် တင်ပြချက်များနှင့် စပ်လျဉ်း၍ ညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ဗဟိုအမှုဆောင်ကော်မတီကိုယ်စား ပြန်လည်ရှင်းလင်းတင်ပြပြီး အခမ်းအနားမှူး ဦးအောင်သိန်းဝင်း (မောင်ခိုင်ခန့်)က အရေးပေါ်ညီလာခံ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် တင်ပြကာ သဘာပတိ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က နိဂုံးချုပ်အမှာစကားပြောကြားပြီး ညီလာခံကို ရုပ်သိမ်းလိုက်သည်။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့က ညပိုင်းတွင် ညီလာခံကိုယ်စားလှယ်များအား ပန်ဒါဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါညီလာခံတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်းများအဖြစ် ပြောင်းလဲဖွဲ့စည်းသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေဖြန့်ချိသူအသင်းကိုလည်း လက်ရှိတည်ရှိနေသော မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူလုပ်ငန်းရှင်များအသင်းကိုအခြေခံပြီး တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာမျက်နှာ ၅ မှ

ရရှိပြီး လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊

- ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကို နေပြည်တော်၌ ကျင်းပနေသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ကျင်းပလျက်ရှိပြီး တီဘီရက်သတ္တပတ်လှုပ်ရှားမှုများကို မြို့နယ်တိုင်းတွင် ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ မြို့နယ်အခြေခံကျန်းမာရေး ဝန်ထမ်းများမှသည် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ကျန်းမာရေး အသိပညာပေးခြင်း၊ တီဘီသံသယလူနာများ ရှာဖွေဖော်ထုတ်ခြင်း၊ ဆေးသောက်ပျက်ကွက်သူများ ဖော်ထုတ်ပြီး ဆေးကုသမှု ဆက်လက်ခံယူစေခြင်း၊ လူနာနှင့်အတူနေ မိသားစုများ ကျန်းမာရေးစစ်ဆေးပေးခြင်း စသည်တို့ ပြုလုပ်သွားကြရမှာဖြစ်ကြောင်း။
- မြန်မာနိုင်ငံအနေဖြင့် ဖော်ပြသည့်နည်းများနှင့် တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေသကဲ့သို့ ယခုထက်ပိုမိုကောင်းမွန်သည့် နည်းလမ်းသစ်များ ရှာဖွေပြီးဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။
- ကမ္ဘာ့လူသားများကို အချိန်ကြာမြင့်စွာ ဒုက္ခပေးလာသည့် တီဘီရောဂါဆိုးကို နှိမ်နင်းနေသော ကမ္ဘာ့တီဘီတိုက်ဖျက်ရေးလုပ်ငန်းကြီး အမြန်ဆုံးထိရောက်အောင်မြင်ပြီး (Towards a world free of Tuberculousis by the year 2050) ဖြစ်သည့် သက္ကရာဇ် ၂၀၅၀ ခုနှစ်တွင် တီဘီရောဂါကင်းစင်သည့် ကမ္ဘာသို့ ရောက်ရှိနိုင်ကြပါစေဟု ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဖတ်ကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူးထံမှပေးပို့သော သဝဏ်လွှာကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Dr.H.S.B.Tennakoon က ဖတ်ကြားပြီး ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ ခန်းမအတွင်း၌ ခင်းကျင်းပြသထားသည့် ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြခန်းငယ်များကို ကြည့်ရှုအားပေးကြသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းရင်းသားပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန်အတွက် တည်ဆောက်ဖွင့်လှစ်ပေးထားသော ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ဖျာပုံမြို့ ပြည်သူ့ဆေးရုံကြီးကို ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ မအူပင် ဆေးရုံ(ယာပုံ)ကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ(အောက်ပုံ)နှင့် ဝေဟင်မှ မြင်ကွင်း(အောက်ဆုံးပုံ)တို့ကို တွေ့ရစဉ်။

သတင်းမှတ်စု ➤ မောင်ငြိမ်းအေး



- ❒ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လပွတ္တာမြို့နယ်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး၊ ဖျာပုံမြို့နယ်တွင် ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး၊ ပြင်စလူမြို့နယ်ခွဲတွင် (၂၅)ခုတင်ဆံ့ ဆေးရုံ၊ မော်လမြိုင်ကျွန်းမြို့နယ်တွင် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတို့ကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် ဒေသအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့၏ ခရိုင်၊ မြို့နယ်အတွင်းမှာပင် ဆေးဝါးကုသနိုင်တော့မည်ဖြစ်သည်။
- ❒ ၎င်းဒေသကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းသည်လည်း မူလအခြေအနေထက် ပိုမိုသာလွန်မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ထူးခြားသည့် ဝိသေသလက္ခဏာများနှင့် ဖွဲ့စည်းတည်ရှိနေသည့် တပ်မတော်

မောင်မန်းညို

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ခေတ်သစ်တစ်ရပ်ကို ပြောင်းလဲခဲ့တာဆိုရင် ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်နေ့မှာ တစ်နှစ်ပြည့်မြောက်မှာ ဖြစ်ပါတယ်။ မတ်လ ၂၇ ရက်နေ့မှာ ကျရောက်မယ့် (၆၇)နှစ်မြောက် တပ်မတော်နေ့နဲ့ နီးနီးကပ်ကပ်တိုက်ဆိုင်နေတာကို တွေ့ရပါတယ်။ တစ်နှစ်သားသာရှိသေးတဲ့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေမယ့် နုနုငယ်ငယ် ထွားထွားကျိုင်းကျိုင်းလို့ ဆိုရလောက်အောင် ဒီမိုကရေစီကျင့်စဉ်တွေကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်နေတာ တွေ့ရပါတယ်။ ပြီးပြည့်စုံတဲ့ အဆင့်ကို မရောက်ရှိသေးပေမယ့် မဆုတ်တမ်း၊ မတွန့်တမ်း နောက်ပြန်မလှည့်စတမ်း သတ္တိရှိရှိနဲ့ ဆက်လက်ချီတက်နေတာတွေ့ရပါတယ်။ ခက်ခဲမှုတွေ၊ သိမ်မွေ့နက်နဲမှုတွေ၊ စိန်ခေါ်မှုတွေ၊ မက်လုံးပေးမှုတွေ စသဖြင့် ဝိရောဓိဆန်ဆန်တွေ ဒွန်တွဲတွေ့ကြုံရဦးမှာဖြစ်ပါတယ်။ ဒါကလည်း ဖြစ်တတ်တဲ့သဘာဝပါ။ မည်သို့ပင်ဖြစ်စေ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ ရွေးကောက်တင်မြှောက်ခံ အစိုးရပီပီ ပြည်သူ့အကျိုးစီးပွားကိုသာ ထာဝစဉ်ဦးထိပ်ထားပြီး တည်တည်ငြိမ်ငြိမ်နဲ့ ဆုံးဖြတ်ဆောင်ရွက်မယ့် အစိုးရဖြစ်ကြောင်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်တည်ပြီး တစ်နှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့တဲ့ ဘက်စုံဖြစ်စဉ်တွေကို ချစ်ကြည်စိတ်နဲ့ ကြည်လင်စွာ ကြည့်ရင်တွေ့နိုင်ပါတယ်။

တပ်မတော်နဲ့ ပတ်သက်လို့ကတော့ မြေပေါ်အဖွဲ့အစည်းအားလုံးကဖြစ်ဖြစ်၊ နိုင်ငံသားတိုင်းကဖြစ်ဖြစ် ဘယ်သူကမှ ဆန့်ကျင်ကြမှာ မဟုတ်ဘူးဆိုတာ မှန်ကန်တဲ့ဖြစ်တည်မှုတရားတစ်ခုပါ။ ရှေးခေတ် မြန်မာ့တပ်မတော်ဆိုတာလည်း နောင်တော်တပ်မတော်သားတွေပါပဲ။ ဘယ်လောက်အင်အားတောင့်တင်းခဲ့တယ်၊ မျိုးချစ်စိတ်ရှိခဲ့တယ်၊ လုပ်ရည်ကြံရည် ရဲစွမ်းသတ္တိရှိခဲ့တယ်ဆိုတာ ၁၁ရာစု မြန်မာနိုင်ငံတော်၊ ၁၆ ရာစု မြန်မာနိုင်ငံတော်၊ ၁၉ ရာစု မြန်မာနိုင်ငံတော်တွေကို ကြည့်ရင် လက်တွေ့ပါပဲ။ ဒါပေမယ့် ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ စတဲ့နှစ်တွေမှာ တိုင်းတစ်ပါးသားတွေနဲ့ စစ်ဖြစ်ခဲ့ရတယ်။ ရိုးရိုးစစ်ဖြစ်တာမဟုတ်ဘဲ နိုင်ငံရဲ့ နယ်မြေအစိတ်အပိုင်းတွေကို ဖဲ့ဖဲ့ပြီး ပေးလိုက်ရတာ နောက်ဆုံးမှာတော့ တစ်နိုင်ငံလုံး ကျွန်ဖြစ်သွားတယ်။

မြန်မာပြည်သူတွေ အသက်ပေးချစ်မြတ်နိုးရတဲ့ လွတ်လပ်ရေးဆိုတာနဲ့အတူ ပြည်သူတွေ လေးစား အထွတ်အမြတ်ထားခဲ့ရတဲ့ မြန်မာဘုရင်ပါ ပါတော်မူခဲ့ရပါတယ်။ မြန်မာ့ထီးနန်းမျိုးဆက် ပြတ်ခဲ့ရတယ်။ ဘယ်သူကိုမှ အပြစ်မတင်လိုပေမယ့် သင်ခန်းစာတော့ ယူရမှာပါ။ ကိုယ့်နိုင်ငံ စည်းလုံးညီညွတ်မှုပြိုကွဲနေတာ၊ အနောက်နိုင်ငံတွေ စက်မှုထွန်းကား တိုးတက်နေတာကို လက်မခံနိုင်တာ အရင်လို တိုက်တိုင်းအောင်မယ်ဆိုတဲ့ အထင်မျိုးရှိနေတာတွေ ဖြစ်နေနိုင်ပါတယ်။ အဲ့ဒီတုန်းကသာ အင်အားတောင့်တင်းတဲ့၊ စွမ်းရည်ထက်မြက်တဲ့၊ ခေတ်မီတဲ့၊ မျိုးချစ်တဲ့ တပ်မတော်တစ်ရပ်ရှိခဲ့ရင်. . . .။

လေးစားရတဲ့ နောင်တော်တွေ တကယ်ပဲ တာဝန်ကျေခဲ့ကြပါတယ်။ ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးကို ရအောင်ယူဖို့ နည်းလမ်းပေါင်းစုံနဲ့ မကြောက်တမ်း မရွံ့တမ်း ကြိုးပမ်းခဲ့ကြပါတယ်။ လွယ်လွယ်ကူကူတော့ မဟုတ်ပါဘူး။ ကျွန်ဖြစ်ခဲ့ရတဲ့သက်တမ်းနဲ့ နေရာဒေသအလိုက် တွက်စစ်ကြည့်ရင် ၁၈၂၄ ခုနှစ်ကစရင် တနင်္သာရီနဲ့ ရခိုင်ဒေသမှာ ၁၂၄နှစ်၊ ၁၈၅၂ခုနှစ်ကစရင် ထိုစဉ်က အောက်မြန်မာပြည်မှာ ၉၆နှစ်၊ ၁၈၈၅ခုနှစ် သီပေါမင်းပါတော်မူပြီး အထက်မြန်မာပြည်မှာ ၆၃နှစ် ကြာခဲ့ပါတယ်။ နိုင်ငံရေးနည်းနဲ့ တိုက်ပွဲဝင်ခဲ့သလို စစ်ရေးနည်းနဲ့လည်း ဆောင်ရွက်ခဲ့ကြပါတယ်။ စစ်ရေးနည်းနဲ့ လွတ်လပ်ရေး ပြန်လည်ရယူဖို့ ကြိုးပမ်းမှုအဖြစ် ယနေ့တပ်မတော်ရဲ့ ပထမမျိုးဆက်ခေါင်းဆောင် ဖြစ်လာမယ့် ရဲဘော်သုံးကျိပ်ဟာ ပင်ပန်းဆင်းရဲခြင်းကြီးစွာနဲ့ စိတ်ရှည်သည်းခံကာ စစ်ပညာတွေကို ရယူခဲ့ရပါတယ်။ တပ်မတော်ရဲ့အမြုတေ ပထမမျိုးဆက်ခေါင်းဆောင်ကတော့ ဗိုလ်ချုပ်အောင်ဆန်းဖြစ်ပါတယ်။ အမျိုးသားခေါင်းဆောင်လည်း ဖြစ်ခဲ့ပါတယ်။ **ဗိုလ်ချုပ်အောင်ဆန်းအနေနဲ့ အမျိုးသားခေါင်းဆောင်လည်းဖြစ်၊ တပ်မတော်ခေါင်းဆောင်လည်းဖြစ်ခဲ့တဲ့အတွက် ဘာကိုပြဆိုသလဲဆိုရင် မြန်မာနိုင်ငံမှာ ဖွဲ့စည်းပေါ်ပေါက်လာတဲ့ ပြည်သူ့တပ်မတော်အနေနဲ့ အခြားနိုင်ငံတွေက တပ်မတော်တွေ ပေါ်ပေါက်လာသလို မဟုတ်ဘဲ အမျိုးသားရေးနဲ့ တပ်မတော်ဒွန်တွဲပေါ်ပေါက်ခဲ့တယ်၊ ဘီအိုင်အေခေါ်တဲ့ မြန်မာ့လွတ်လပ်ရေး တပ်မတော်ကို (၂၆-၁၂-၁၉၄၁)ရက်နေ့ ထိုင်းနိုင်ငံ ဗန်ကောက်မှာ စတင်ဖွဲ့စည်းခဲ့ပြီး လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားတိုက်ပွဲတွေ ဆင်နွှဲခဲ့ရပါတယ်။ လွတ်လပ်ရေးကလည်း အမှန်တကယ်မရသေးတော့ နယ်ချဲ့တို့က အင်အားကြီးလာတဲ့ ဘီအိုင်အေကို ဖွဲ့စည်းပုံပြင်ဆင်တယ်ဆိုပြီး ဘီဒီအေ၊ ပီဘီအက်ဖ်နာမည်တွေပြောင်း အင်အားတွေလျှော့ချတာ ခံခဲ့ရပါတယ်။ လွတ်လပ်ရေးရောင်ခြည် မြင်နေရတဲ့ကာလဆိုတော့လည်း မြန်မာ့ခေါင်းဆောင်တွေအနေနဲ့ ရှေ့ရေးကို မျှော်တွေးလို့ အလျှော့ပေးခဲ့ပုံရပါတယ်။ လွတ်လပ်ရေး ရချိန်မှာ တပ်မတော်တစ်ရပ်ရဲ့ အင်္ဂါရပ်တွေ ပြည့်စုံစေဖို့ (၁၅-၁၂-၁၉၄၇) ရက်နေ့မှာ တပ်မတော်(လေ)၊ (၂၄-၁၂-၁၉၄၇) ခုနှစ်မှာ တပ်မတော်(ရေ) တို့ကို ဖွဲ့စည်းခဲ့ပါတယ်။**

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့မှာတော့ အချုပ်အခြာအာဏာပိုင်တဲ့ လွတ်လပ်တဲ့ မြန်မာနိုင်ငံတော် ပေါ်ပေါက်လာခဲ့ပါတယ်။ အမျိုးသားခေါင်းဆောင်၊ တပ်မတော်ခေါင်းဆောင်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းကတော့ လွတ်လပ်ရေးမရမီမှာ လုပ်ကြံခံရတဲ့အတွက် လွတ်လပ်ရေးရတာကို မသိမမီလိုက်ရှာပါဘူး။ တပ်မတော်ကိုလည်း ရဲဘော်သုံးကျိပ်ဝင် ပထမမျိုးဆက်တွေကပဲ ဆက်လက်ခေါင်းဆောင်ကြပါတယ်။ သို့သော် ကံမကောင်းအကြောင်းမလှစွာ လွတ်လပ်ရေးနဲ့အတူ ပေါ်ပေါက်လာတာကတော့ ပြည်တွင်းသောင်းကျန်းမှုပဲဖြစ်ပါတယ်။ အဲဒီအချိန်က အစိုးရကိုလည်း ရန်ကုန်ပတ်ဝန်းကျင်တစ်ဝိုက်သာ အုပ်ချုပ်နိုင်ခဲ့လို့ ရန်ကုန်အစိုးရလို့တောင် ပြည်ပစာနယ်ဇင်းတွေက လှောင်ပြောင်ခေါ်ဆိုတာ ခံခဲ့ရပါတယ်။ ဒီလိုခက်ခဲတဲ့ အခြေအနေတွေကြားက တပ်မတော်ဟာ နိုင်ငံတော်ကို ကာကွယ်နိုင်ခဲ့ပါတယ်။ ၁၉၄၈-၄၉ အကျပ်အတည်းကို ဖြေရှင်းနိုင်ခဲ့ပါတယ်။ ပြည်တွင်းစစ်မီး မီးညွန့်ကျိုးချိန်မှာပဲ ကူမင်တန်တရုတ်ဖြူ ပြည်ပကျူးကျော်မှုကို တပ်မတော်နဲ့ ပြည်သူလက်တွဲပြီး စစ်ဆင်ရေးကြီးတွေ ဆင်နွှဲတွန်းလှန် တိုက်ထုတ်ကာကွယ်ခဲ့ရပြန်ပါတယ်။ အဲဒီခေတ်အခါက ပါလီမန်ဒီမိုကရေစီစနစ်ရဲ့ အားနည်းချက်တွေကြောင့် အာဏာရပါတီအစိုးရက တပ်မတော်ကို လွှဲပြောင်းပေးအပ်ခဲ့မှုအရ တပ်မတော်က လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲတွေ ကျင်းပပေးခဲ့ပါတယ်။ ဒါပေမယ့် ပြည်နယ်ခွဲထွက်ခွင့်တွေ တောင်းဆိုလာပြီး ပြည်ထောင်စုပြိုကွဲမယ့် အခြေအနေဖြစ်ပေါ်လာတာကြောင့် တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို ရယူပြီး တော်လှန်ရေးကောင်စီအစိုးရအဖြစ် နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရပါတယ်။ အဲ့ဒီနောက် တစ်ပါတီစနစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အစိုးရလက်ထဲကို နိုင်ငံတော်အာဏာ အပ်နှင်းခဲ့ပါတယ်။ ဒီအထိ တပ်မတော်ရဲ့ ပထမမျိုးဆက်ခေါင်းဆောင်များက နိုင်ငံတော်ရဲ့အရေးအရာတွေကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီနောက်ပိုင်း ဆိုရှယ်လစ်စနစ်ရဲ့ အားနည်းချက်ကြောင့် နိုင်ငံတော်စီးပွားရေး အခြေအနေတွေ ကျပ်တည်းလာချိန် ၁၉၈၀ပြည့်လွန်နှစ်တွေမှာတော့ ဒုတိယမျိုးဆက်ခေါင်းဆောင်တွေ စတင်တာဝန်ယူခဲ့ကြပါတယ်။ ပြည်သူတွေရဲ့ ဒီမိုကရေစီတောင်းဆိုမှုနဲ့အတူ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဖျက်သိမ်းခဲ့ရပြီး လက်ရှိပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တည်ထောင်နိုင်ဖို့ အခြေခံအုတ်မြစ်တွေ ချမှတ်ခဲ့ပါတယ်။ သိမ်မွေ့တဲ့ အသွင်ကူးပြောင်းမှုဖြစ်စေဖို့ ၂၀၀၈ခုနှစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်တဲ့အထိ တပ်မတော်ရဲ့ ဒုတိယမျိုးဆက်ခေါင်းဆောင်တွေက ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ မျိုးဆက်ဆိုတဲ့အတိုင်း အမွေခံကောင်း၊ အစဉ်အလာကောင်းတွေကို ဆက်ခံထိန်းသိမ်းခဲ့တာဖြစ်လို့ မျိုးဆက်ဆိုတဲ့ အယူအဆ၊ မျိုးဆက်ဆိုတဲ့ အသုံးအနှုန်းကို သုံးစွဲရတာဖြစ်ပါတယ်။ ယခုဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ဒီမိုကရေစီကျင့်စဉ်ကို ပီပြင်စွာ စတင်အကောင်အထည်ဖော်ချိန်မှာ တပ်မတော်ရဲ့ အမွေခံကောင်းတွေကို တတိယမျိုးဆက်ခေါင်းဆောင်တွေက ဦးဆောင်နေကြပြီဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က **“နိုင်ငံတော် ကာကွယ်ရေးတာဝန်ဆိုတဲ့နေရာမှာ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ခြင်း၊ နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုအပြင် ဒို့နိုင်ငံက တိုင်းရင်းသား ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ် အကျိုးစီးပွားတွေကိုပါ ကာကွယ်စောင့်ရှောက်ခြင်းတို့ ပါဝင်တယ်”** လို့ ၉-၁၂-၂၀၁၁ ရက်နေ့ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၄) ကျောင်းဆင်းမိန့်ခွန်းမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ စနစ်သစ်၊ ခေတ်သစ်ကူးပြောင်းချိန်မှာ တပ်မတော်က ထမ်းဆောင်မယ့် ကာကွယ်ရေးတာဝန်ကို မီးမောင်းထိုးပြလိုက်တာပဲဖြစ်ပါတယ်။

ဒို့တာဝန်အရေးသုံးပါးဆိုတဲ့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတဲ့ နိုင်ငံတော်ရဲ့ ပဋိညာဉ်၊ မြေထု၊ ရေထု၊ လေထုဆိုတဲ့ နိုင်ငံတော်ရဲ့ နယ်နိမိတ်၊ တိုင်းရင်းသားပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ် အကျိုးစီးပွားတို့ကို အသက်နဲ့ရင်းပြီး ကာကွယ်စောင့်ရှောက်ပေးမယ့် တပ်မတော်ဖြစ်တယ်ဆိုတာပါပဲ။ ၂၀၁၂ခုနှစ် မတ်လ ၂၇ရက်နေ့မှာ ကျရောက်မယ့် (၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်တွေမှာလည်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်တွေကို စွဲမြဲစွာခံယူ စောင့်ထိန်းရေး၊ နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍမှာ စစ်မှန်

ဒို့တာဝန်အရေးသုံးပါးဆိုတဲ့ နိုင်ငံတော်ရဲ့ ရည်မှန်းချက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတဲ့ နိုင်ငံတော်ရဲ့ ပဋိညာဉ်၊ မြေထု၊ ရေထု၊ လေထုဆိုတဲ့ နိုင်ငံတော်ရဲ့ နယ်နိမိတ်၊ တိုင်းရင်းသား ပြည်သူလူထုတွေရဲ့ အသက်အိုးအိမ်စည်းစိမ်အကျိုးစီးပွားတို့ကို အသက်နဲ့ရင်းပြီး ကာကွယ်စောင့်ရှောက်ပေးမယ့် တပ်မတော် ဖြစ်တယ်ဆိုတာပါပဲ။

ဦးတည်လေးရပ် ဒို့တပ်မတော်

❖ အရေးသုံးပါး ဦးထိပ်ထားကာ
မြဲစွာခံယူ စောင့်ထိန်းကူလျက်
ပေးဆက်နှင်းမည် ပြည်သူ့ဆီ။

❖ ပြည်ထောင်စိတ်ဓာတ် အကျင့်မြတ်ကို
တပ်မတော်က ကဏ္ဍတစ်ခု
ထမ်းဆောင်ပြုမည် ပြည်သူ့ဆီ။

❖ တိုးတက်ခေတ်မီ ဒီမိုကရေစီ
နိုင်ငံတည်ရန် အခြေခံတဲ့
ဖွဲ့စည်းပုံပြု ဥပဒေအား
လေးစားကာကွယ် စောင့်ရှောက်မည်။

❖ လွတ်လပ်ရေးနဲ့ ဒို့ရဲ့အချုပ်အခြာ
အာဏာတည်ရေး ကာကွယ်ပေးလျက်
ထက်မြက်စွမ်းရည် ခေတ်မီတပ်မတော်
ဖြစ်ပေါ်လာအောင် ရှက်ဆောင်မည်။

❖ တိုင်းပြည်အန္တရာယ် ရန်စွယ်ရန်ပွား
ရှိခဲ့ငြားက အများပြည်သူ
ကြည်ဖြူချမ်းအေး ဘယာဝေးအောင်
သက်ပေးစွန့်ကာ ယှဉ်လာတစ်မူ
ရန်သူတို့အား နီးကြားအသင့်
အားမာန်ဝင့်ကာ စဉ်လာမညှိုး
သယ်ပိုးရွက်ဆောင် ချေမှုန်းမည်။

❖ တပ်မတော်သည်
ပြည်သူ့ရင်နှစ် သည်းချာဖြစ်သည်။

❖ တပ်မတော်သည်
ပြည်ရေးသုံးပါး ဦးထိပ်ထားသည်။

❖ တပ်မတော်သည်
မိမြန်ပြည်ကို မြဲလိုကာကွယ်စောင့်ရှောက်မည်။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

(၆၇)
တပ်မတော်

☆ ပြည်ထောင်စုမပြိုကွဲ
ရေး၊ အချုပ်အခြာအာ
များကို စွဲမြဲစွာ ခံယူ

☆ နိုင်ငံတော်၏ အမျိုး
စစ်မှန်သော မျိုးချစ်စိတ်
တပ်မတော်က ပါဝင်

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်
ရာတွင် တပ်မတော်၏
ဥပဒေကို ကာကွယ်စေ

☆ နိုင်ငံတော်၏ လွတ်
ခိုင်မြဲရေးကို ကာကွယ်
စွမ်းရည်ထက်မြက်သေ
ရေး။

**သော မျိုးချစ်စိတ်ဓာတ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်
တိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရ
ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်ရဲ့ လွတ်
စောင့်ရှောက်ဖို့ အင်အားတောင့်တင်းပြီး စွမ်းရည
ဦးတည်ချက်တွေ ချမှတ်ထားတာကို သိနိုင်ပါတ**

ဒီကနေ့ မြန်မာနိုင်ငံတော်ကိုကြည့်ရင်
ကစလို့ ၁၉၆၂ ထိ ၁၄ နှစ်တာ ပါလီမန်ဒီမိုက
ခေတ်၊ ၁၉၇၄-၈၈ကာလ ၁၄နှစ်တာ မြန်မာ့ဆိုရှ
မတူတဲ့စနစ်နှစ်ခုကို အသွင်ကူးပြောင်းရေးကာ
ယူစရာဖြစ်စဉ်ပေါင်းများစွာ တွေ့ရမှာဖြစ်ပါတ
အနေနဲ့တော့ အမျိုးသားအကျိုးစီးပွားဆိုတဲ့ တူ
ကိုယ့်အတွေ့အကြုံ၊ သူ့အတွေ့အကြုံ စသဖြင့်
ဆောင်ရွက်ခဲ့ကြမှာပါ။ အခက်အခဲအကျပ်အတ
ဉာဏ်မီသလောက်ဖြေရှင်းကြရင်း အောင်မြင်

**ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော
၂၁ ရာစု ဆန်းစကာလဖြစ်တဲ့အတွက် အချက်အ
ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ကို ကူးပြောင်းရာမှာ ဒီ
မိတဲ့ နိုင်ငံတွေ၊ မြန်မာနိုင်ငံဖြတ်သန်းခဲ့ရတဲ့သမို
တွေကို ရှင်းလင်းစွာ၊ လျင်မြန်စွာ သိရှိနိုင်တဲ့က**

**နိုင်ငံတော်ရဲ့ မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်တဲ့
ဟာလည်း အပြန်အလှန်ထိန်းကျောင်းရင်း ခရီးဆ
များမကြာမီ ကာလမှာ လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊
ထွန်းလင်း တောက်ပလာတော့မှာပါ။**

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က **“ကျ
ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အာဏာ(
(၃)ရပ်ကို အညီအမျှခွဲဝေသုံးပြီး စတုတ္ထမဏ္ဍိုင်
မိဘပြည်သူတွေနဲ့ တပ်မတော်တို့ဟာ ဒီမိုကရေစီ
ဆောင်ရွက်သွားကြမယ်ဆိုရင် ကျွန်တော်တို့အားလုံ
သစ်ကြီးကို ရောက်ရှိမှာဖြစ်ပါတယ်”** လို့
ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအ
မိန့်ခွန်း ပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပ
ယှဉ်တွဲ တွေးခေါ်မှု၊ အမှန်တရားကို ထိုးထွင်း

**နိုင်ငံတော်သမ္မတကြီးရဲ့ စိတ်ရင်းစေတန
တယ်။ ရွေးချယ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြ
ဒီမိုကရေစီကျင့်စဉ်အတွင်းမှာ ခန့်အပ်ခြင်းဆိုတာ
မောင်းနှင်နေကြတဲ့ နိုင်ငံရေးပါတီတွေအားလုံးဟာ
နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုက
ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပြည်ထောင်စု
လွှတ်တော်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ
တိုင်းရင်းသားခေါင်းဆောင်တွေ၊ တပ်မတော်စတဲ့
တာကို ထင်ထင်ရှားရှားတွေ့ရပါတယ်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အ
ဖြစ်တဲ့ တပ်မတော်ကလည်း အမျိုးသားရေးကို
ရပ်မှာ ပြည်သူတွေကို ကိုယ်စားပြုလို့ ပြည်သူပေး
ထမ်းဆောင်လျက်ရှိပါတယ်။ ဒီလိုထမ်းဆောင်ရ
တပ်မတော်ဟာ အတူတကွ လက်တွဲဆောင်ရွ
တင်ပြလိုက်ရပါတယ်။

(၆၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

သော မျိုးချစ်စိတ်ဓာတ်ဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာမှာ တပ်မတော်ရဲ့ အဓိကတာဝန်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊ နိုင်ငံတော်ရဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ဖို့ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်တဲ့ ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေးဆိုပြီး ဦးတည်ချက်တွေ ချမှတ်ထားတာကို သိနိုင်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတော်ကိုကြည့်ရင် လွန်စွာမှ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ၁၉၄၈ လွတ်လပ်ရေးရချိန်ကစလို့ ၁၉၆၂ ထိ ၁၄ နှစ်တာ ပါလီမန်ဒီမိုကရေစီခေတ်၊ ၁၉၆၂-၇၄ကာလ ၁၂နှစ်တာ တော်လှန်ရေးကောင်စီခေတ်၊ ၁၉၇၄-၈၈ကာလ ၁၄နှစ်တာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် စတဲ့ခေတ်သမိုင်းစဉ်ကိုကြည့်ရင် အသွင်မတူတဲ့စနစ်နှစ်ခုကို အသွင်ကူးပြောင်းရေးကာလတစ်ခုနဲ့ပိုင်းခြားထားတယ်ဆိုတာ တွေ့ရမှာဖြစ်ပြီး သင်ခန်းစာယူစရာဖြစ်စဉ်ပေါင်းများစွာ တွေ့ရမှာဖြစ်ပါတယ်။ ခေတ်တွေစနစ်တွေကွဲပြားပေမယ့် ဦးဆောင်ထူထောင်သူတွေ အနေနဲ့တော့ အမျိုးသားအကျိုးစီးပွားဆိုတဲ့ တူညီတဲ့ရည်မှန်းချက်၊ တစ်နည်းအားဖြင့် တူညီတဲ့စေတနာရှိကြမှာပါ။ ကိုယ့်အတွေ့အကြုံ၊ သူ့အတွေ့အကြုံ စသဖြင့် နှိုင်းချိန်ပြီး အကောင်းဆုံးစနစ်တွေကို အကောင်အထည်ဖော်ဖို့ ဆောင်ရွက်ခဲ့ကြမှာပါ။ အခက်အခဲအကျပ်အတည်းဆိုတာတွေလည်း တွေ့မှာပါ။ ပြဿနာအရပ်ရပ်ကို နည်းမျိုးစုံနဲ့ ဉာဏ်မီသလောက်ဖြေရှင်းကြရင်း အောင်မြင်တာလည်းရှိ၊ မအောင်မြင်တာလည်း ရှိခဲ့ကြမှာပါ။

ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတဲ့ကာလဟာ ၂၀ ရာစုအကုန် ၂၁ ရာစု ဆန်းစကာလဖြစ်တဲ့အတွက် အချက်အလက်ရယူမှုစနစ်တွေ လွန်စွာခေတ်မီကောင်းမွန်တဲ့ ကာလဖြစ်လာပြီး ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ကို ကူးပြောင်းရာမှာ ဒီမိုကရေစီ ရင့်ကျက်တဲ့နိုင်ငံတွေ၊ မရင့်ကျက်မီအလျင်စလို ကူးပြောင်းမိတဲ့ နိုင်ငံတွေ၊ မြန်မာနိုင်ငံဖြတ်သန်းခဲ့ရတဲ့သမိုင်းကြောင်းတွေ၊ တိုင်းရင်းသားပြည်သူတွေရဲ့ လိုလားတောင့်တချက်တွေကို ရှင်းလင်းစွာ၊ လျင်မြန်စွာ သိရှိနိုင်တဲ့ကာလ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ဟာလည်း အပြန်အလှန်ထိန်းကျောင်းရင်း ခရီးဆက်နေကြပါပြီ။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းမီဒီယာဟာလည်း များမကြာမီ ကာလမှာ လွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရားစတဲ့ အစဉ်အလာကောင်းတွေနဲ့အတူ ထွန်းလင်း တောက်ပလာတော့မှာပါ။

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က **“ကျွန်တော်တို့ရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ပဋိညာဉ်မူဘောင်ကြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အာဏာ(၃)ရပ်ကို အညီအမျှ ခွဲဝေပေးထားတာဖြစ်ပါတယ်။ ဒီအာဏာကြီး(၃)ရပ်ကို အညီအမျှခွဲဝေသုံးပြီး စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ စာနယ်ဇင်းမီဒီယာတွေ၊ ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ ကျွန်တော်တို့ မိဘပြည်သူတွေနဲ့ တပ်မတော်တို့ဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိ ဆက်လက်ဆောင်ရွက်သွားကြမယ်ဆိုရင် ကျွန်တော်တို့အားလုံးမျှော်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ရောက်ရှိမှာဖြစ်ပါတယ်”** လို့ ၂၀၁၂ ခုနှစ် မတ်လ ၁ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ တာဝန်ထမ်းဆောင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် မိန့်ခွန်း ပြောကြားရာမှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒီမိန့်ခွန်းကို ကြည့်လိုက်ရင် လွန်စွာအမြော်အမြင်ကြီးမားတဲ့ ယှဉ်တွဲ တွေးခေါ်မှု၊ အမှန်တရားကို ထိုးထွင်းသိမြင်မှုဖြစ်တယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။

နိုင်ငံတော်သမ္မတကြီးရဲ့ စိတ်ရင်းစေတနာနဲ့ အမြော်အမြင်ကြီးမားမှုကိုလည်း ပြတ်သားစွာ တွေ့ရမှာဖြစ်ပါတယ်။ ရွေးချယ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုတာ ဒီမိုကရေစီကျင့်စဉ်တစ်ရပ်ဆိုတာ မငြင်းလိုပေမယ့် ဒီမိုကရေစီကျင့်စဉ်အတွင်းမှာ ခန့်အပ်ခြင်းဆိုတာလည်း ပါဝင်နေပါတယ်။ ဒီကနေ့နိုင်ငံတော်ရဲ့နိုင်ငံရေးကို အဓိကမောင်းနှင်နေကြတဲ့ နိုင်ငံရေးပါတီတွေအားလုံးဟာ ပြည်သူအကျိုးစီးပွားအတွက် ဒီမိုကရေစီကျင့်စဉ်တွေကို ကျင့်သုံးရင်း နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်လာစေဖို့ ဆောင်ရွက်နေကြတာပါ။ အဲ့ဒီ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ပြည်ထောင်စုအစိုးရ၊ နိုင်ငံရေးပါတီတွေ၊ အရပ်ဘက်က လူ့အဖွဲ့အစည်းတွေ၊ လွှတ်တော်အရပ်ရပ်က လွှတ်တော်ကိုယ်စားလှယ်ကြီးတွေ၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ စတုတ္ထမဏ္ဍိုင်မီဒီယာတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ တပ်မတော်စတဲ့ သက်ဆိုင်ရာ Stakeholder တွေအားလုံး ပါဝင်ဆောင်ရွက်နေကြတာကို ထင်ထင်ရှားရှားတွေ့ရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် ထူးခြားတဲ့ဝိသေသလက္ခဏာရှိတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်တဲ့ တပ်မတော်ကလည်း အမျိုးသားရေးကို ဦးထိပ်ထားပေါ်ပေါက်လာတဲ့ တပ်မတော်ပီပီ လွှတ်တော်အရပ်ရပ်မှာ ပြည်သူတွေကို ကိုယ်စားပြုလို့ ပြည်သူပေးတဲ့ တာဝန်တွေကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များက ထမ်းဆောင်လျက်ရှိပါတယ်။ ဒီလိုထမ်းဆောင်ရင်းနဲ့ပဲ ကမ္ဘာဆုံးတိုင် နိုင်ငံတော်ကြီး တည်တံ့ခိုင်မြဲစေဖို့ ပြည်သူနဲ့ တပ်မတော်ဟာ အတူတကွ လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း (၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုတင်ပြလိုက်ရပါတယ်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၂ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ စတာဗ်ရို့စ် ဒီမတ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မိန့်ခွန်းပြောကြား

ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် တစ်ကမ္ဘာလုံးဆိုင်ရာ စက်မှုကဏ္ဍပူးပေါင်း ဆောင်ရွက်ရေး နှီးနှောဖလှယ်ပွဲတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၃-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၀၀	ယဉ်ကျေးလိမ္မာ(၃၈)ဖြာ မင်္ဂလာ
၈း၂၀	**သော့်မယ်ဖို့**
၈း၃၀	(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၀၀	စစ်သည်တေး
၁၁း၂၀	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲရုံထောက်ဘတ်ဂျောင်ဝွန်း** (အပိုင်း-၆၁)
၁၂း၁၅	**ဖန်တီးမှုရဲ့လှို့ဝှက်ချက်**
၁၄း၅၀	International News

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	တိုင်းရင်းသားရိုးရာအက
၄း၃၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(စီးပွားရေးပညာ အထူးပြုများ) (စီးပွားရေးပညာ)
၄း၅၀	(၆၇)နှစ်မြောက်တပ်မတော် နေ့ဂုဏ်ပြုအစီအစဉ်
၆း၀၀	ညနေခင်းသတင်း
၆း၂၀	တစ်မျက်နှာ၊ တစ်ကွက်စာ **ကြမ္မာ**
၆း၃၅	နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ချိုချိုကြင်နာပို** (အပိုင်း-၂၄)
၇း၄၀	ပြည်သူ့အတွက်တပ်မတော် (ထာဝရငြိမ်းချမ်းရေး ပန်းတိုင် လှမ်းကိုင်လို့ ချစ်ကြည်ပေါင်းစည်း နိုင်ငံသစ် ခရီးဆက်ကြစို့)
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - မိုးလေဝသအခြေအနေ - **ဒီမိုမွေးနေ့** - ကာတွန်းအစီအစဉ် **တောတောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၁၀၃) - နိုင်ငံခြားဇာတ်လမ်းတွဲ **ကြယ်ပွင့်လေးရဲ့ဒိုင်ယာရီ** (အပိုင်း-၂၆) - **ရင်ခုန်လက်ကမ်း တေးသစ်လမ်း**

တစ်ကမ္ဘာလုံးဆိုင်ရာ စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေး နှီးနှောဖလှယ်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း တက်ရောက်

နေပြည်တော် မတ် ၂၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ကိုရီးယားသမ္မတနိုင်ငံ Ministry of Strategy and Finance၊ Ministry of Foreign Affairs & Trade၊ Ministry of Knowledge Economy နှင့် Korea Engineering & Consulting Association တို့၏ အထောက်အပံ့ဖြင့် ကိုရီးယား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး အေဂျင်စီ (KOTRA) က ကြီးမှူး၍ မတ် ၂၁ ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ကျင်းပသည့် တစ်ကမ္ဘာလုံးဆိုင်ရာ စက်မှုကဏ္ဍပူးပေါင်းဆောင်ရွက်ရေးနှီးနှောဖလှယ်ပွဲ (Global Industry Cooperation Forum)တွင် မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးသည် ကိုရီးယားကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအေဂျင်စီ (KOTRA) ဥက္ကဋ္ဌ Dr. Young - Ho OH၊ Ministry of Knowledge Economy ဝန်ကြီး Dr. Suk- Woo Hong တို့နှင့်တွေ့ဆုံ၍ အနာဂတ်တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကိုရီးယားစီးပွားရေးကုမ္ပဏီကြီး ၁၅ ခုမှ စီးပွားရေးခေါင်းဆောင်များနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ နိုင်ငံတကာမှ တာဝန်ရှိသူများ၊ သံတမန်များနှင့် စီးပွားရေးကုမ္ပဏီများမှ ကိုယ်စားလှယ် ၄၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း စုဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြ ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အားပေးကြည့်ရှုပြီး ဝက်သက်ကာကွယ်ဆေးထိုးသည့် ကလေးများအား နို့မှုန့်၊ အရုပ်များ အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (မြို့နယ်ထွေအုပ်)

အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း အသိပညာပေးဆွေးနွေးပွဲ ကျောက်ဆည်၌ ကျင်းပ

ကျောက်ဆည် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းအသိပညာပေးဆွေးနွေးပွဲကို မတ် ၂၀ရက် မွန်းလွဲ ၂နာရီက ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းက အဖွင့်အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်သန္တာလွင်က အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုး လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ကျောက်ဆည်မြို့အတွင်းမှ အသက် ၉ လမှ ၅ နှစ်အတွင်းရှိ ကလေးငယ်ပေါင်း ၂၄၃၅၀ ဦးတို့အား ဝက်သက်ကာကွယ်ဆေးထိုးပေးခြင်းကို မတ် ၃၁ ရက်အထိ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **မန္တလေး(ကိုယ်ပွား)**

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းဖွင့်ပွဲကို မတ် ၂၂ ရက်က မှော်ဘီမြို့ အနောက်ကျောင်း (အမက)စုရပ်၊ တပ်ကြီးကုန်းကျေးရွာ အောင်မင်္ဂလာ အခြေခံပညာမူလတန်းကျောင်းစုရပ်နှင့် လှပဒါးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ စုရပ်တို့၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာကျော်ငြိမ်းနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြန်မာ့အလင်း)

မတ် ၂၂ ရက်က ကျောက်တံတားမြို့နယ် ကျန်းမာရေးဦးစီးဌာန ဒေသန္တရဆေးခန်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်ခင်သီဂီမြင့်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြိုးဖြိုးညွန့်နှင့် အဖွဲ့ဝင်များပါဝင်သောအဖွဲ့က ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးစဉ်။ (မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Increvel Investment Group မှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂၄

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား New York နှင့် London အခြေစိုက် Increvel Investment Group, Managing Director, Dr. Shealdon Greenspan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းမ္ဘ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ သံနှင့် သံသတ္တုမဟုတ်သော သတ္တု သယံဇာတများ ရှာဖွေရေး၊ တူးဖော်ထုတ်လုပ်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများ၊ လုပ်ငန်းများ အဆင့်လိုက် တိုးမြှင့်ဆောင်ရွက်ရေးအတွက် ဝန်ကြီးဌာနမှ ပညာရှင်များနှင့် ပြည်ပပညာရှင်များ တွေ့ဆုံဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုး လုပ်ငန်းဖွင့်

ပဲခူး မတ် ၂၄

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် မတ် ၂၂ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေမျိုးအုန်းက အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း ၂၀၁၂ ကျင်းပရခြင်းနှင့်ဆောင်ရွက်ထားရှိမှု အခြေအနေကိုရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဲခူးမြို့ မြို့တော်ခန်းမဆေးထိုးစုရပ်၊ ဟသ်ာကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ဆေးထိုးစုရပ်၊ ကျွန်းသာယာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ဆေးထိုးစုရပ်တို့တွင် ကာကွယ်ဆေးထိုးနေသော ကလေးငယ်များအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

လှူဒါန်း

မိတ္ထီလာမြို့ ရတနာမာရ်အောင်ရပ်ကွက် မီးဘေးဒုက္ခသည်များအား လူမှုရေးအသင်းအဖွဲ့နှင့် စေတနာရှင်တို့မှ လာရောက်လှူဒါန်းလျက်ရှိရာ မတ် ၁၈ ရက်က သာကီနွယ်ကျန်းမာရေး လူမှုအကျိုးဆောင်အဖွဲ့မှ မီးဘေးဒုက္ခသည်များအား ငွေကျပ် ၆၉၀၀၀၀ လှူဒါန်းစဉ်။

(၁၆၄)

ပညာရေး၊ ကျန်းမာရေးနှင့် အလှအပဆိုင်ရာပြပွဲဖွင့်

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ၏ ပညာရေးလမ်းညွှန်ချက်များကို အထောက်အကူပြုစေရန် သင်ယူမှုအခွင့်အလမ်း၊ အရည်အသွေးနှင့် ကျန်းမာရေးကဏ္ဍများ မြှင့်တင်နိုင်စေရန်နှင့်ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သော ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ရောက်ရှိပျံ့နှံ့စေရန် ရည်ရွယ်ချက်များဖြင့် Global Education Show 2012 including: Health & Beauty 2012ပြပွဲဖွင့်ပွဲကိုယမန်နေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။ **(အပေါ်ပုံ)**

ပြပွဲကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် IEMS Company Limited မန်နေဂျင်းဒါရိုက်တာ ဦးသက်လွင်ရွှေ International Language Business Centre မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပြပွဲတွင် တက္ကသိုလ်နှင့်ကောလိပ်အမျိုးမျိုး၊ ပြည်တွင်းမှ ပညာရေးသင်တန်းကျောင်းအမျိုးမျိုး၊ IT နှင့် နည်းပညာဆိုင်ရာ သင်တန်းကျောင်းအမျိုးမျိုး၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းအမျိုးမျိုး၊ နိုင်ငံခြားဘာသာစကားသင်တန်းကျောင်းအမျိုးမျိုး၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းကျောင်းအမျိုးမျိုး၊ အနုပညာနှင့်ပတ်သက်သောသင်တန်းကျောင်းအမျိုးမျိုး၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း အမျိုးမျိုး၊ အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းအမျိုးမျိုး၊ ပညာရေးအတိုင်ပင်ခံကျောင်းအမျိုးမျိုး၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုး၊ ဆေးဝါးပစ္စည်းအမျိုးမျိုး၊အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ အလှအပဆိုင်ရာပစ္စည်းအမျိုးမျိုး၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုးတို့အပြင် နည်းပညာဆိုင်ရာပစ္စည်းများ၊စာအုပ်စာပေအမျိုးမျိုး၊ စာရေးကိရိယာပစ္စည်းအမျိုးမျိုးတို့ကို ဈေးကွက်အတွင်းနှင့် ပြည်သူလူထုအတွင်း အရှိန်အဟုန်ပြင်းစွာ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်စေရန် ရည်ရွယ်၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး တက္ကသိုလ် အသီးသီးမှ ပညာရှင်များ၏ အကြံပြုဟောပြောပွဲ အစီအစဉ် နေ့စဉ်စီစဉ်ထားရှိကာ ပြပွဲကို မတ် ၂၃ ရက်မှ ၂၅ ရက်အထိ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသထားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကျင်းပ

ရန်ကုန် မတ် ၂၄

အားကစားဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းဒေသကြီး အမျိုးသား အမျိုးသမီး မီနီမာရသွန် (ကီလိုမီတာ-၂၀) အပြေးပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများကို မတ် ၂၃ ရက် နံနက် ၆ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အားကစားကွင်း၌ ကျင်းပသည်။

အစီအစဉ်အရ အမျိုးသား အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီအထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးပြီး ခရေပင်လမ်းခွဲမှ စတင်၍ ရန်ကုန်-ပြည်လမ်းအတိုင်း၊ ၄င်းမှတစ်ဆင့် ထောက်ကြံ့လမ်းမမှ အမှတ်(၃)လမ်းမကြီးအတိုင်းပြေး၍ ခရေပင်လမ်းဆုံအထိပြေးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်အားကစားကွင်းသို့ ပန်းဝင်ကြသည်။ အမျိုးသား အမျိုးသမီး မီနီမာရသွန် အပြေးပြိုင်ပွဲတွင် ပထမဆုငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုငွေကျပ် သုံးသိန်း၊ တတိယဆုငွေကျပ် နှစ်သိန်း၊ စတုတ္ထဆု ငွေကျပ်တစ်သိန်း၊ပဉ္စမအတွက်ဆုငွေကျပ် ငါးသောင်းစီ ချီးမြှင့်ကြရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က အမျိုးသမီး မီနီမာရသွန်ပြိုင်ပွဲတွင် ပထမဆုရ သင်းသင်းယုအားလည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက် **(အပေါ်ပုံ)**က ဒုတိယဆုရ နွေးနဒီစိုးအားလည်းကောင်း၊ မင်္ဂလာဒုံခရိုင်အုပ်ချုပ်ရေးမှူးဦးနေလင်းက တတိယဆုရ နှင်းနှင်းဦးအားလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ကျန်ဆုများကိုတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ အဆိုပါပြိုင်ပွဲကို အမျိုးသား ၇၉ဦးနှင့် အမျိုးသမီး ၂၂ဦး စုစုပေါင်း ၁၁၁ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြေးခုန်ပစ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြီး အမျိုးသား၊ အမျိုးသမီး မီတာ (၁၀၀၊ ၂၀၀၊ ၄၀၀) လူရွေးပြိုင်ပွဲနှင့် ဗိုလ်လုပွဲများ၊ လှံတံပစ်၊ အလျားခုန်၊ သံလုံးပစ်၊ သံပြားဝိုင်းပစ် ဗိုလ်လုပြိုင်ပွဲများကျင်းပခဲ့ပြီး ၄င်းပြိုင်ပွဲသို့ အမျိုးသား အမျိုးသမီး စုစုပေါင်း ၁၂၀ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မင်္ဂလာဒုံမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် MYANMAR BREWERY Ltd., မှ တာဝန်ရှိသူများကဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မတ် ၂၄

ရန်ကုန်ဂေါက်အသင်း(တညင်းကုန်း)၌ CHEN Ruoquanသည် မတ် ၁၇ ရက် နံနက် ၁၀နာရီတွင် ကစားဖော်များဖြစ်ကြသော ဦးတင်မောင်အေး (မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)၊ Mr.Lei Zhenyu (ဥက္ကဋ္ဌ၊ CHINNERY ASSED)၊ Mr.MAR Guiming (ဒုတိယဥက္ကဋ္ဌ၊ CHINNERY ASSED)၊ ဦးကံအေး(မန်နေဂျာ၊ CHINNERY ASSED)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၈)ကို ကိုက် ၁၈၀အကွာမှ ULTRA ဘောလုံးကို Wilson Wood (3) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

အလားတူ ရန်ကုန် ဂေါက်အသင်း(တညင်းကုန်း)၌ ဦးမောင်သိန်းသည် မတ် ၁၇ ရက် မွန်းလွဲ ၁နာရီ ၁၅ မိနစ်တွင် ကစားဖော်များဖြစ်ကြသော ဒေါက်တာဦးမြင့်စိုး၊ ဦးခင်မောင်မြင့်၊ ဦးသောင်းကျော်၊ ဦးအေးမောင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၄)ကို ကိုက်၁၆၀အကွာမှ Srixon Distance No(1) ဘောလုံးအား Honma C1 707 Iron (7) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

KENBO Junior Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ်ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပ

ရန်ကုန် မတ် ၂၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ HAN Golf Masters Pte., Ltd. နှင့် Aung Kanbo Trading Co., Ltd.တို့က အဓိကကူညီပံ့ပိုးသည့် HAN Golf Masters Junior Golf Series, KENBO Junior Golf Championship ပြိုင်ပွဲ၏ စတုတ္ထပွဲစဉ်ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၂၂ ရက်နှင့် ၂၃ ရက်များတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာဂေါက်ကလပ် (၉ မိုင်)၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ Aung Kanbo Trading Co.,Ltd.အထွေထွေမန်နေဂျာ ဦးညီညီအောင်က အမျိုးသမီးပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၉၇ ချက်ဖြင့် စတုတ္ထပွင့်ဖူးနဒီခိုင်၊ စုစုပေါင်းရိုက်ချက် ၁၈၅ ချက်ဖြင့် တတိယ မြဖူးသွင်၊ စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် ဒုတိယ ဝင့်ဖူးနဒီအောင်နှင့် စုစုပေါင်းရိုက်ချက် ၁၇၆ ချက်ဖြင့် ပထမ ဖူးပွင့်ရတီခိုင်တို့အားလည်းကောင်း၊ (၁၀)နှစ်အောက် သက်တန်း ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၉၈ ချက်ဖြင့် တတိယ ကောင်းမြတ်ကျော်၊ စုစုပေါင်းရိုက်ချက် ၁၇၉ ချက်ဖြင့် ဒုတိယ ဖြိုးဇံနှင့် စုစုပေါင်းရိုက်ချက် ၁၇၇ ချက်ဖြင့် ပထမ သင်းဝေခိုင်တို့အား လည်းကောင်း၊ မြန်မာဂေါက်ကလပ်ဥက္ကဋ္ဌဦးစိုးဝင်းက (၁၁-၁၂)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၇ ချက်ဖြင့် တတိယဆု ရဲမင်းဦး၊ စုစုပေါင်းရိုက်ချက် ၁၆၇ချက်ဖြင့် ဒုတိယကောင်းထွဋ်အောင်နှင့် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမ ဟိန်းစည်သူတို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က (၁၃-၁၄)နှစ်သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၇၀ဖြင့် တတိယ မင်းစစ်သွေး၊ စုစုပေါင်း ရိုက်ချက် ၁၆၃ ချက်ဖြင့် ဒုတိယ ပြည့်မင်းရှိန်နှင့် စုစုပေါင်းရိုက်ချက် ၁၅၃ ချက်ဖြင့် ပထမ ဘုန်းပြည့်ချမ်းဟန်တို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (၁၅-၂၀)နှစ် သက်တန်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၁၅၂ ချက်ဖြင့် တတိယ အောင်မြင့်ထွေး၊ စုစုပေါင်းရိုက်ချက် ၁၄၉ ချက်ဖြင့် ဒုတိယ ရဲထက်အောင်နှင့် စုစုပေါင်းရိုက်ချက် ၁၄၇ ချက်ဖြင့် ပထမ သီဟဌေးတို့အား ဆုများကိုပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

တိုက်ကြီးမြို့နယ်တွင် အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုး

တိုက်ကြီး မတ် ၂၄

အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း(၂၀၁၂) လုပ်ငန်းစတင်ဆောင်ရွက်သည့် အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မတ် ၂၂ ရက် နံနက် ၇ နာရီက အိုးထန်းရပ်ကွက် မြို့မ (၆) အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် မြို့နယ်ဆရာဝန်ကြီး၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အသက်ကိုးလမှ ငါးနှစ်အောက် ကလေးငယ်များအား ဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ)** တိုက်ကြီးမြို့နယ်တွင် အသက်ကိုးလမှ ငါးနှစ်အောက် ကလေး ၂၃၈၆၁ ဦးအား ကာကွယ်ဆေးထိုးအဖွဲ့ ၄၇ ဖွဲ့ဖြင့် မတ် ၂၂ ရက်မှ ၃၁ ရက်အထိ နေရာပေါင်း ၃၆၉ နေရာတွင် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နှုတ်ခွန်းဆက်စကားပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင်က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီက မတ် ၂၁ ရက် ည ၇ နာရီ ၁၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ ဘုရင့်နန်းတော်ရှိ Preah Reach Damnak Serei Mongkol ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် *စာမျက်နှာ ၄ ကော်လံ ၁* ❐

မြန်မာ-လာအို ကားလမ်းဆက်သွယ်ထူထောင်ပြီးပါက ကမ္ဘောဒီးယားနိုင်ငံအတွက်လည်း အကျိုးရှိမည်

လမ်းပန်းဆက်သွယ်မှုများကောင်းမွန်ပါက သစ်တောထွက်ပစ္စည်း၊ ရော်ဘာနှင့် စိုက်ပျိုးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်မည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မိမိတို့နှစ်နိုင်ငံသည် အစဉ်အဆက် ချစ်ကြည်ရင်းနှီးလာခဲ့၊ အခက်အခဲများကို အတူတကွဖြတ်သန်းကျော်လွှားခဲ့ကြ

မြန်မာ-ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား စီးပွားရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်လို

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် မတ် ၂၁ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Peace Palace ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးမြင့်လှိုင်၊ ဦးခင်မောင်မြင့်၊ ဦးဝင်းထွန်း၊ ဦးဝင်းမြင့်၊ ဦးတင့်ဆန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Hor Namhong၊ ဒုတိယဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Keat Chhon၊ ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

မြန်မာ့အလင်း (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို

“ထူးခြားသည့် ဝိသေသလက္ခဏာများနှင့် ဖွဲ့စည်းတည်ရှိနေသည့် တပ်မတော်”

မောင်မန်းညို၏ ဆောင်းပါး စာ-၈၊ ၉

ဦးတည်လေးရပ် – ဒို့တပ်မတော်

ဖိုးရန်နိုင်(ကျောက်ကြီး)၏ ကဗျာ စာ-၈

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဖနောင်ပင်မြို့ရှိ **Peace Palace** ၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)